# ကြေးမုံ
# The Mirror

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ (3-12-2008) (၂၈၈၁)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အစဉ်အလာကြီးမား၍ အစွမ်းအာနိသင်ထက်မြက်လှသော အမျိုးသားအမွေအနှစ် မြန်မာ့တိုင်းရင်းဆေးပညာကို မူလအနှစ်သာရနှင့်ပညာခန်းတို့ မပျောက်ပျက်စေဘဲ သိပ္ပံနည်းကျ စံချိန်စံညွှန်းများ ဖော်ထုတ်မြှင့်တင်လျက် ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးခြင်းဖြင့် နိုင်ငံတကာသို့တိုင် ကျော်ကြားသောဆေးပညာဖြစ်လာရန် အားပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ သဝဏ်လွှာပေးပို့သည်။**

အဆိုပါ သဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

မြန်မာ့တိုင်းရင်းဆေးပညာ အရှည်တည်တံ့ထွန်းကားပြန့်ပွားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေး တိုးတက်မြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ဂုဏ်သိက္ခာ ထိန်းသိမ်းမြှင့်တင်ရေး၊ မြန်မာ့တိုင်းရင်းဆေးကို ပြည်သူအများ ပိုမိုယုံကြည်အားထားလာရေး စသည့် ရည်မှန်းချက်များဖြင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ စည်းလုံးညီညွတ်စွာ စည်းဝေးနှီးနှော ဆုံးဖြတ်ဆောင်ရွက်ကြရာ နေရာဌာနတစ်ခုဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို နှစ်စဉ်မပျက် ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် နဝမအကြိမ် ရှိခဲ့ပြီဖြစ်ပါသည်။

ဤသို့ မြန်မာ့တိုင်းရင်းဆေးသမားတော်များ နှလုံးစိတ်ဝမ်းညီမျှစွာ ဆုံတွေ့ကြသည့် မင်္ဂလာအခါသမယတွင် ရရှိဖြစ်ထွန်းနေပြီဖြစ်သော မြန်မာ့တိုင်းရင်းဆေးပညာ တိုးတက်မြင့်မားမှု အခြေခံကောင်း၊ အလားအလာကောင်းများကို ပိုမိုမြင့်မားခိုင်ခံ့စေရအောင် ညီညွတ်သောစွမ်းအားဖြင့် ပေါင်းစည်းကြိုးဆောင် မြှင့်တင်ပေးနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့သမိုင်းစဉ်တစ်လျှောက် မြန်မာ့ရေမြေတောတောင် သဘာဝ၊ ရာသီဥတု၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများနှင့် အပြန်အလှန် အကျိုးပြုလျက် တိုးတက်ဖြစ်ထွန်း အခြေခိုင်မာတည်တံ့လာခဲ့သော အမျိုးသားအမွေအနှစ် ဆေးပညာတစ်ရပ် ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများသည်လည်း မြန်မာ့တိုင်းရင်းဆေးပညာ၏ ပင်မရေသောက်မြစ်ဖြစ်သည့် နယကြီးလေးပါးကိုအခြေတည်လျက် မြန်မာပြည်သူများအား ကျန်းမာရေးကုသစောင့်ရှောက်ပေးခဲ့မှု အတွေ့အကြုံများနှင့်ပေါင်းစည်း၍ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ***





# မြန်မာ့တိုင်းရင်းဆေးပညာအပေါ် ပြည်သူများ၏ ယုံကြည်အားကိုးမှုအခြေခံကောင်းများ ရရှိဖြစ်ထွန်းနေ ငှက်ဖျား၊ တီဘီ၊ သွေးတိုး၊ ဆီးချို၊ ဝမ်းကိုက်နှင့် ဝမ်းလျှောဝမ်းပျက်ရောဂါတို့ကို ကုသနိုင်သည့်ကုထုံးသစ်များဖြင့် တိုင်းရင်းဆေးဝါးသစ်များ သုတေသနပြုဖော်ထုတ်မှုဆောင်ရွက်လျက်ရှိရာ အလားအလာကောင်းများ ရရှိနေ

နေပြည်တော် ဒီဇင်ဘာ ၂

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**

အဆိုပါ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် **အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**(အပေါ်ပုံ)(သတင်းစဉ်)

အတည်ပြုချိန်-၄း၃၀

ကြေးမုံ The Mirror

၃-၁၂-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## လယ်ယာထွက်ကုန်သီးနှံများ တိုးတက်ထုတ်လုပ် ပြည်ပဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်း

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ ရာသီဥတု ညီညွတ်မျှတကောင်းမွန်သည်။ နိုင်ငံ၏လူဦးရေအများစုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိပြီး တစ်မျိုးသားလုံး၏ စီးပွားရေး၌ လယ်ယာကဏ္ဍသည် အချိုးအစား အများဆုံးပါဝင်နေသည်။ လယ်ယာကဏ္ဍမှ သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်သည်နှင့်အမျှ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့လာနိုင်မည်ဖြစ်သည်။

နိုင်ငံအတွင်း စိုက်ပျိုးနိုင်သည့် မြေဧရိယာ ဧက ၄၃သန်းကျော် ရှိသည့်အနက် ဧက ၂၈ သန်းကျော်သာ စိုက်ပျိုးလျက်ရှိရာ သီးနှံများ တိုးချဲ့ စိုက်ပျိုးရန် အလားအလာကောင်းများစွာရှိနေသည်။

နိုင်ငံတော်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေရရှိရေး၊ အထွက်တိုး မျိုးကောင်းစပါးများ စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သီးနှံလေလွင့်ပျက်စီးဆုံးရှုံးမှု နည်းပါးရေးတို့အတွက် ပညာပေးပံ့ပိုးကူညီနေသည်။ လယ်ယာသုံးစက်ကိရိယာများ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာရေး၊ ဓာတ်မြေဩဇာ လုံလောက်မှု ရှိစေရေး စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ထို့ကြောင့် ဆန်စပါးတစ်မျိုးတည်းတွင်ပင်စိုက်ပျိုးမှုနှင့်ထုတ်လုပ်မှု တိုးတက်လာကြောင်း လေ့လာတွေ့ရှိရသည်။ ၁၉၈၈ ခုနှစ်က စပါးဧက ၁၁ သန်းကျော် စိုက်ပျိုးပြီး စပါးအထွက် တင်းသန်းပေါင်း ၆၃၀ သာရှိခဲ့ရာမှ ယခုအခါ စပါးဧက ၁၉ သန်းကျော် စိုက်ပျိုးနိုင်ပြီး စပါးအထွက်တင်းသန်းပေါင်း ၁၅၀၀ကျော်တိုးတက်ထွက်ရှိလာပြီဖြစ်သည်။

ဆန်စပါးထုတ်လုပ်မှုမှာ နိုင်ငံလူဦးရေနှင့် စားသုံးမှုအခြေအနေအရ ဖူလုံပိုလျှံနေသော်လည်း အခြားသော စိုက်ပျိုးမြေ နည်းပါးပြီး ဆန်စပါးထွက်ရှိတင်ပို့မှု အားကောင်းသည့် နိုင်ငံများကဲ့သို့ တိုးတက်ထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။ ဆန်စပါးကိုသာမက ပြည်ပဈေးကွက်ရှိသည့် ပဲ၊ ပြောင်း၊ နှမ်း စသည်တို့ကိုပါ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး လုပ်ကိုင်သွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံပို့ကုန်များ၏ အဓိကဈေးကွက်သည် ဝယ်လိုအားရှိသည့် အိမ်နီးချင်းအာရှနိုင်ငံများဖြစ်သည်။ ရေ မြေသဘာဝ အခြေခံအရင်းအမြစ်များကို အပြည့်အဝအသုံးပြုပြီး ဆန်စပါး၊ ပဲအမျိုးမျိုး၊ ပြောင်းစသည့် စားသောက်ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်တင်ပို့ခြင်း၊ သား၊ ငါး၊ ရော်ဘာ၊ သစ်တောထွက်ပစ္စည်းများ တိုးမြှင့်တင်ပို့ ရောင်းချခြင်းတို့ဖြင့် နိုင်ငံ၏စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ။



နိုဝင်ဘာ ၂၇ရက်က သုဝဏ္ဏမူလတန်းကြိုကျောင်း ကျောင်းခန်းမဆောင်၌ ရင်သွေးငယ်တို့၏ ၂၀၀၈-၂၀၀၉ခုနှစ် ကျောင်းတွင်း ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပရာ ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ လက်ထောက် တိုင်းဦးစီးမှူး ဒေါ်စုစုထက်က စုပေါင်းသီချင်းဆိုပြိုင်ပွဲတွင် ပထမဆုရ မယွန်းရတီကျော်နှင့်အဖွဲ့အား ဆုချီးမြှင့်စဉ်။ (၄၁)

## စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂

သထုံမြို့နယ် သိမ်ဇရပ်ကျေးရွာ အစိုးရမူလတန်းကျောင်း(သာသနာပင်ကျောင်း) အဖြစ် ၁-၆-၁၉၃၃ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော သိမ်ဆိပ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၆ရက် နံနက်၁၀နာရီတွင် အထက(ခွဲ) သိမ်ဆိပ် စွယ်တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဆရာမကြီး ဒေါ်သောင်းခင်(၉၄)နှစ်၊ဆရာကြီးဦးထွန်းတင်(၈၉)နှစ်၊ဆရာကြီးဦးစံဟိန်း(၈၀)နှစ်၊ဆရာမကြီး ဒေါ်ဖွားစိန်(၈၂)နှစ်အပါအဝင် အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၄၀ တို့အား ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ငွေပဒေသာပင် လှူဒါန်းလိုသူများသည် ဒေါ်ခင်ဝင်း(ရန်ကုန်)ဖုန်း-၂၂၅၁၃၉၊ ဒေါက်တာခွန်ကျော်အောင်-ဒေါ်တင်လွမ်(ရန်ကုန်)ဖုန်း-၂၉၅၅၀၀၊ ၂၉၆၄၄၉၊ ၀၉-၅၁၃၉၇၅၄၊ ဒေါ်နန်းစောလှိုင်(သိမ်ဆိပ်) ဖုန်း-၀၅၇-၆၉၃၅၀၊ ဦးထွန်းအောင်(ကျောင်းအုပ်ကြီး)ဖုန်း-၀၅၇-၆၉၀၈၀၊ ဦးထွန်းဝင်း(အကျိုးတော်ဆောင်) ဖုန်း-၀၅၇-၆၉၁၅၈၊ ဆရာဦးအောင်နိုင်ဦး ဖုန်း-၀၅၇-၆၉၁၁၁တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## ၂၀၀၈ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနား ရန်ကုန်တိုင်း၌ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂

**ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူးကျင်းပသည့် ၂၀၀၈ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ အမှာစကား ပြောကြားသည်။**

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က ၂၀၀၈ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

### ဆုချီးမြှင့်

ထို့နောက် တိုင်းမှူး၏ ဇနီးက မိခင်နှင့်ကလေး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက်ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးက ကာတွန်းပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းကျန်းမာရေး ဦးစီးဌာနမှူးက ၂၀၀၈ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ၂၀၀၈ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လိုက်လံကြည့်ရှုကြသည်။ (သတင်းစဉ်)



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့် ၂၀၀၈ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

**ရန်ကုန်မြို့ ကမ်းနားလမ်း၌ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆိုင်းဘုတ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

## မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ အထိမ်းအမှတ် ဆိုင်းဘုတ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကျိုးဆောင် ဘဏ္ဍာထိန်း ဦးကြည်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ Mr. Ole Johan Hauge က အမှာစကားပြောကြားကာ တက္ကသိုလ်ဖော်ထူးဦးက ကျန်းမာရေးဆိုင်ရာများ ပညာပေးဟောပြောပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင်တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ဆောင်ရွက်လျက်ရှိသော ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများဆောင်ရွက်မှုပြကွက်များခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)



## ပြည် ဂျိတီအိုင် ကျောင်းသား၊ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂**

ပြည် ဂျိတီအိုင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၇ ရက် (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော Eagle Garden Restaurant သုဝဏ္ဏ (စကိတ်ကွင်း) ၌ ကျင်းပမည်ဖြစ်ရာ ဦးတင်အေး ဖုန်း-၀၉-၅၀၀၃၇၈၂၊ ဦးရွှေထူး ဖုန်း-၀၉-၅၀၁၆၈၇၆၊ ဦးအောင်မိုး ဖုန်း-၀၉-၅၁၅၃၉၉၅၊ ၀၁-၅၇၈၇၈၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များ ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ လက်အုပ်ချီမိုးကန်တော့ကြစဉ်။ (သတင်းစဉ်)

# စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ကန်တော့၍ အလှူငွေများနှင့် ပစ္စည်းများပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၂

**မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သက်ကြီးစာပေပညာရှင်များအား ကန်တော့ကာ အလှူငွေများနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်သည်။**

## တက်ရောက်

အဆိုပါအခမ်းအနားသို့ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး၊ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ ဦးသောင်းညွန့်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## သဝဏ်လွှာဖတ်ကြား

ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၏သဝဏ်လွှာကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)က ဖတ်ကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁)ဦးသန်းလှိုင်(တက္ကသိုလ်သန်)က ကန်တော့ခံ သက်ကြီးစာပေပညာရှင်များ၏ အမည်စာရင်းကို ဖတ်ကြား၍ ပရိသတ်နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ရဲမှူးကြီးခင်မောင်ထွန်း(အငြိမ်းစား) (ခင်မောင်ထွန်း - လမ်းမတော်)က ကန်တော့ခံ သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အလှူရှင်များစာရင်းကို ဖတ်ကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား မြန်မာ့ရိုးရာဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကန်တော့ခံ သက်ကြီးစာပေပညာရှင်များ ဖြစ်ကြသော ဒေါ်မိမိကြီး(ရွှေဘိုမိမိကြီး)၊ ဒေါ်ကြန်(မကြန်)၊ ဦးချစ်လှိုင်(ကိုကိုမောင်ကြီး)၊ ဦးတင်မောင်(သိပ္ပံမှူးတင်)၊ အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း၊ ဦးကျော်ဆန်း(သုခိအောင်)၊ ဦးမောင်မောင်ခင်(တက္ကသိုလ် မောင်မောင်ခင်)၊ ဦးစဝ်ထွန်းမှတ်ဝင်း၊ ဗိုလ်မှူးကြီး စောမြင့်(ငြိမ်း)(မှူးသမိန်)၊ ဦးသောင်းထွဋ်၊ ဦးလှကြိုင်(ပါရဂူ)၊ ဦးလှမြိုင်(ကိုဆောင်း)၊ ဦးစိန်ဝင်း(ဂါးဒီးယန်း ဦးစိန်ဝင်း)၊ ဘိုကလေးတင့်အောင်၊ ဦးတင်စိုး(သာဂဒိုး)၊ ဦးဗလကလေး(ကာတွန်းဦးဗကလေး)နှင့် ဦးသန်းဦးတို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေကျပ် သုံးသောင်းစီနှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လှူဒါန်းငွေကျပ်တစ်သိန်းစီ စုစုပေါင်း လှူဒါန်းငွေကျပ်တစ်သိန်း သုံးသောင်းစီနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြု လက်ရောက်ပေးအပ်သည်။

ဆက်လက်၍ တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ ဦးသောင်းညွန့်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များက ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား လှူဒါန်းငွေကျပ် တစ်သိန်းသုံးသောင်း စီနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြု ပေးအပ်ကြသည်။

## ဂါရဝပြုနှုတ်ဆက်

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကန်တော့ခံ သက်ကြီးစာပေပညာရှင် တစ်ဦးချင်းအား ဂါရဝပြုလိုက်လံနှုတ်ဆက်သည်။

ထို့နောက် ကန်တော့ခံသက်ကြီးစာပေပညာရှင်များကိုယ်စားဦးသောင်းထွဋ်ကသြဝါဒစကား ပြောကြားသည်။

ယင်းနောက် အခမ်းအနားမှူး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ်ကန်တော့ခံ သက်ကြီးစာပေပညာရှင်များမှာ အသက်(၈၀)နှင့်အထက် စုစုပေါင်း ၁၃၁ ဦးရှိပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ကန်တော့ခံ သက်ကြီးစာပေပညာရှင်များမှာ ၇၈ဦး ဖြစ်ကြောင်းနှင့်အခမ်းအနားသို့ မတက်ရောက်နိုင်ကြသော ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များက အိမ်တိုင်ရာရောက် လိုက်လံကန်တော့သွားမည် ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)



**ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကန်တော့ခံ သက်ကြီးစာပေ ပညာရှင်များအား နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ နှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ တို့၏ လှူဒါန်း ငွေကျပ် တစ် သိန်း သုံး သောင်း စီ နှင့် ကန်တော့ပစ္စည်း များကို ဂါရဝပြု လက်ရောက် ပေး အပ်စဉ်။** (သတင်းစဉ်)

# ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာချွန်တွန်းအား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာချွန်တွန်းသည် ၁၉၄၆ ခုနှစ် ဇန်နဝါရီ ၃ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဘတ်သန်ဘန်းပြည်နယ်၌ မွေးဖွားခဲ့ပြီး ယင်းပြည်နယ်၌ပင် ၁၉၅၂ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ အခြေခံပညာမူလတန်းမှ အထက်တန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ ပို့စ်ဒါမ်တက္ကသိုလ်၌ သံတမန်ရေးရာ ဘာသာရပ်သင်တန်းသို့ တက်ရောက်ခဲ့သည်။ ၎င်းသည် ၁၉၇၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဒုတိယ ညွှန်ကြားရေးမှူးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

ယင်းနောက် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၆ ခုနှစ်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံရုံး၌ သံမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၆ ခုနှစ်မှ၁၉၉၀ ပြည့်နှစ်အထိ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၂ ခုနှစ်အထိ အာရှနှင့်သမုဒ္ဒရာဒေသရေးရာ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၉၂ ခုနှစ်မှ ၁၉၉၆ခုနှစ်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံး၌ သံမှူးကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၆ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန အာရှနှင့်ပစိဖိတ်ဦးစီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၉၈ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ ဟောင်ကောင်ရှိ ကမ္ဘောဒီးယားနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၌ ကောင်စစ်ဝန်ချုပ်အဖြစ်လည်းကောင်း၊ ၂၀၀၂ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတွင် ဒုတိယစစ်ဆေးရေးအရာရှိချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး၂၀၀၄ခုနှစ်မှယနေ့အထိ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနတွင် လက်ထောက်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာချွန်တွန်းသည် အင်္ဂလိပ်ဘာသာစကားနှင့် ပြင်သစ်ဘာသာစကားတို့ကို တတ်ကျွမ်းပြီး လာအိုဘာသာစကားနှင့် ဗီယက်နမ်ဘာသာစကားတို့ကိုလည်း ပြောဆိုနိုင်သူဖြစ်သည်။ မစ္စတာချွန်တွန်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးခြောက်ဦးရှိသည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၃-၁၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၄၅ ၅။ **"ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာအားကိုးကြ" (ခန့်စည်သူ၊ဖြိုးငွေစိုး၊ဝီယ၊ ပုလဲဝင်း၊ဖူးစုံ၊သဇင်) [ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]**
၈း၂၀ ၆။ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ တေးများ
၈း၃၀ ၇။ သီချင်းကြီးပဒေသာ
၈း၄၀ ၈။ International News.
၈း၅၀ ၉။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၂၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၄း၄၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တေးများ
၄း၅၀ ၅။ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ တေးများ
၅း၀၅ ၆။ အရည်အသွေးမြင့်အထွက်နှုန်းကောင်း စပါးရွေးချယ်စိုက်ပျိုးထား
၅း၁၅ ၇။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၂၀ ၈။ သက်တံရောင်သံစဉ်
၅း၃၅ ၉။ ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ "ဆိုလိုက်ကြစို့"
၇း၀၅ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၇း၂၀ ၁၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇း၄၅ ၁၅။ အနုပညာကြေးမုံတစ်ချပ်ကို ခံစားကြည့်ခြင်း
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **လောကနီတိ(အပိုင်း-၃) "အမေ့သား" (မင်းမော်ကွန်း၊ပြေတီဦး၊ စိုးမြတ်နန္ဒာ၊စန်းစန်းဝင်း) (ဒါရိုက်တာ-ခင်ဇော်)**
၂၀။ အစီအစဉ်ပြီး၏။


# သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်းသွားလာလျက်ရှိသည့် မော်တော်ယာဉ်များသည် အရှိန်ပြင်းမောင်းနှင်မှုများကြောင့် ယာဉ်မတော်တဆမှု၊ တိမ်းမှောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ မိုင်နှုန်းထက် ကျော်လွန်မောင်းနှင်ခြင်း မပြုကြရန်နှင့် မောင်းနှင်ပါကအရှိန်နှုန်းတိုင်းကိရိယာဖြင့် တိုင်းတာပြီး ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်-

(၁) မြို့တွင်း ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များ တစ်နာရီမိုင် ၂၀ (၃၂ကီလို)
(၂) မြို့တွင်း ကိုယ်ပိုင်ယာဉ်နှင့် အခြားယာဉ်များ တစ်နာရီ မိုင်၃၀ (၄၈ကီလို)
(၃) မြို့ပြင် ယာဉ်အားလုံး တစ်နာရီ မိုင် ၆၀ (၉၆ကီလို)

**ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ကျေးလက်ဒေသများနှင့် ဝေးလံဒေသများအထိ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများအား ကျန်းမာရေးအပြည့်အဝစောင့်ရှောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ ကုသမှုစွမ်းရည်နှင့် တိုင်းရင်းဆေးဝါးများ၏ အာနိသင်ကို ခေတ်မီနည်းစနစ်များဖြင့် ပေါင်းစပ်မြှင့်တင်

✻ ရှေ့ဖုံးမှ

သမိုင်းခေတ်အဆက်ဆက်တွင် မြန်မာ့တိုင်းရင်းဆေးပညာ ဆင့်တက်တိုးပွား မြင့်မားစေရေအောင် လက်ဆင့် ကမ်းပျိုးထောင်ပေးလာခဲ့ကြပါသည်။

ဤသို့ အစဉ်အလာကြီးမားခိုင်ခံ့၍ အစွမ်းအာနိသင် ထက်မြက်လှသော အမျိုးသားအမွေအနှစ် မြန်မာ့တိုင်းရင်းဆေးပညာကို ပင်ကိုကြွယ်ဝပြည့်စုံပြီးဖြစ်သည့် မူလသဘာဝ အနှစ်သာရနှင့်ပညာခန်း အဆီအနှစ်တို့ မပျောက်ပျက်စေဘဲ ခေတ်မီနည်းပညာများဖြင့် သိပ္ပံနည်းကျစံချိန်စံညွှန်းများ ဖော်ထုတ်မြှင့်တင်လျက်နည်းလမ်းတကျ ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးခြင်းဖြင့် နိုင်ငံတကာသို့တိုင် ထွန်းပေါက်ကျော်ကြားသော ဆေးပညာရပ်တစ်ခု ဖြစ်လာစေရန် နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်သည်နှင့်အညီ မြန်မာ့တိုင်းရင်းဆေးပညာ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာကို ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ ထိရောက်ကျယ်ပြန့်စွာ အသုံးပြုရေးတို့ကို အမျိုးသား ကျန်းမာရေးမူဝါဒ၌ အရေးပါသောအခန်းကဏ္ဍတစ်ရပ်အဖြစ် အလေးထားပြီးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များကလည်း နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုအစီအမံများနှင့် လိုက်လျောညီထွေပေါင်းစည်းလျက် ကျေးလက်ဒေသများနှင့် ဝေးလံသောအစွန်အဖျားဒေသများအထိ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများအား ကျန်းမာရေးအပြည့်အဝ လွှမ်းခြုံစောင့်ရှောက်ပေးနိုင်ရေး၊ အရည်အသွေးမြင့်မားသော မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ ကုသမှုစွမ်းရည်နှင့် အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးဝါးများ၏ အာနိသင်တို့ကို ခေတ်မီနည်းစနစ်များနှင့် ပေါင်းစပ်မြှင့်တင်ရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ နှုန်းမီစံမျှ နည်းလမ်းတကျ တိုးတက်ထွန်းကားရေးတို့အတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကြီးကတစ်ဆင့် ညီညီညွတ်ညွတ် စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကြီး၏ မွန်မြတ်သောရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရအောင် မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ စုစည်းညီညွတ်သော စွမ်းပကားဖြင့် စွမ်းဆောင်ပေးနိုင်ကြပါစေ၊ အမျိုးသားအမွေအနှစ်၊ အမျိုးသားရေးဂုဏ်ဒြပ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာ ဆင့်ပွားတိုးတက်မြင့်မားပြီး နိုင်ငံတကာသို့တိုင် ထွန်းပေါက်ပြန့်ပွားစေရအောင် စိတ်တူကိုယ်မျှ အားထုတ်မြှင့်တင်ပေးနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

(သတင်းစဉ်)

# မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီနှင့် စက်မှုဇုန်မော်တော်ယာဉ်ထုတ်လုပ်သူများ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂

**မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီနှင့် စက်မှုဇုန်များမှ မော်တော်ယာဉ်ထုတ်လုပ်သူများ၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁ရက် နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်မှုဇုန်မှ တာဝန်ရှိသူများနှင့် မော်တော်ယာဉ်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**



**မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီနှင့် စက်မှုဇုန်များမှ မော်တော်ယာဉ်ထုတ်လုပ်သူများ၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ရှေးဦးစွာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်း ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းလွင်က မော်တော်ယာဉ်ထုတ်လုပ်မှုဆိုင်ရာ လိုက်နာသင့်သော အချက်များ စာတမ်းကိုလည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အင်ဂျင်နီယာမှူး ဦးစိုးဝင်းက စက်မှုဇုန်များမှ ထုတ်လုပ်သည့် ယာဉ်များ သက်တမ်းတိုးရာတွင် တွေ့ကြုံရသည့် အခြေအနေ စာတမ်းကိုလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ဒီဇင်ဘာ ၂ရက်တွင် ဆက်လက်ကျင်းပရာ စက်မှုဇုန်များမှ မော်တော်ယာဉ်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းရှင်များက မော်တော်ယာဉ် ထုတ်လုပ်မှု အခြေအနေများနှင့်လုပ်ငန်းလိုအပ်ချက်များကိုဆွေးနွေးတင်ပြကြပြီး ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့်တာဝန်ရှိသူများက တင်ပြချက်များအပေါ် ရှင်းလင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ လှူဖွယ်ပစ္စည်းများလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေနှင့် လှူဒါန်းပစ္စည်းများကို ရန်ကုန်မြို့ကုန်သည်လမ်းနှင့် ၃၇လမ်းထောင့်၊ စာပေဗိမာန်ဒုတိယထပ်ရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ဆက်သွယ်ပေးပို့လှူဒါန်းလျက်ရှိရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းကိုယ်စား ကနောင်ဂျာနယ် စာတည်းမှူးချုပ် ဦးတင်အောင်ရွှေ(တင်အောင်ရွှေ-သုတေသီ)က ငွေကျပ်ငါးသိန်း တန်ဖိုးရှိ ဆေးဝါးပစ္စည်းမျိုးစုံလှူဖွယ် ၁၃၁စုံ၊ လျှပ်တစ်ပြက်ဂျာနယ်မှလက်ဆွဲအိတ်များနှင့် ဂျာနယ်အစုံ ၁၅၀၊ လက္ခဏာဆရာကြီး ဒေါက်တာဦးစံတင်အောင်(ရွှေဘို)က ငွေကျပ် ၁၃၁၀၀၀၊ မူဆယ်မြို့ ၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့အကြို စာပေဟောပြောပွဲမှ စာပေချစ်မြတ်နိုးသူများက ငွေကျပ် ၁၀၀၀၀၀၊ ဗိုလ်မှူးကြီး အောင်ငြိမ်း(ငြိမ်း)-ဒေါ်စန်းစန်းလွင် မိသားစုက ငွေကျပ် ၅၀၀၀၀၊ ဗိုလ်ကြီးခင်မောင်ထွန်း(ငြိမ်း)(ဗန်းမော်မြို့နယ်အခွန်ဦးစီးမှူး)-ဒေါ်ခင်မာကြီး မိသားစုက ငွေကျပ် ၅၀၀၀၀၊ ကွယ်လွန်သူမိခင်ကြီး(ဒေါ်ခင်သန်းမြင့်)အား ရည်စူး၍ ဦးမြတ်ခိုင်(အချစ်ဂျာနယ်နှင့် လျှပ်တစ်ပြက်ဂျာနယ် အယ်ဒီတာချုပ်)က ငွေကျပ်၅၀၀၀၀၊ တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေး-ဒေါ်ခင်ဝင်းမိသားစုက ငွေကျပ် ၃၀၀၀၀၊ ဦးကျော်ရီ(ကျော်ဇောဟိန်း-နံ့သာ) ရွှေကျားစာပေက ငွေကျပ် ၃၀၀၀၀နှင့် သုတ/ရသစာအုပ် ၁၀၀၊ ယဉ်နွေထား (ဥပဒေ)က ငွေကျပ် ၃၀၀၀၀၊ ဒေါ်စန်းမြင့်(ပွင့်-ရန်ကုန်)က ငွေကျပ် ၁၅၀၀၀၊ ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့က ငွေကျပ် ၁၀၀၀၀၊ ဦးသန်းလွင် (သိန်းဇော်-ရွှေလီဦး)၊ ဇနီး ဒေါ်ရီဝင်း၊ သားမောင်ကျော်ဇေယျာလွင်တို့က ငွေကျပ် ၁၀၀၀၀၊ ဦးဘိုကြီး (ဒေါက်တာဗိုလ်သံမဏိ) တောင်တွင်းကြီးက ငွေကျပ် ၁၁၀၀၀၊ အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ ဦးဥက္ကံသ မဟာအောင်မြေဘုံစံကျောင်းတိုက်၊ ဗဟန်း(လသွားယာဉ်စာအုပ်ရှာ)က ငွေကျပ် ၁၀၀၀၀၊ တက္ကသိုလ်ဟန်မင်းဦး (ခေတ်ပုံအနုပညာသင်တန်း)က ငွေကျပ် ၁၀၀၀၀၊ MR SHIZUO KATOD ဦးကျော်ဆွေ-ဒေါ်သင်းသင်းခိုင်မိသားစုက ငွေကျပ် ၁၀၀၀၀၊ ဦးဘညွန့်(ကျွန်းစဉ်မြေ-စောခက်)က ငွေကျပ် ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန် ဒုတိယထပ်၊ ဖုန်း-၃၈၅၂၇၃၊ ၂၅၂၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး၊ ပြန်ကြားရေးရာ ဌာနကြီးနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အသိပညာပေး ဟောပြောပွဲနှင့် စကားဝိုင်း ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂ရက် နံနက်ပိုင်းက အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်းရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ဌာနကြီးမှူးများ၊ အဖွဲ့ခွဲခေါင်းဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ဆရာ၊ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ကလေးအထူးကုဆရာဝန် ဒေါက်တာ ဒေါ်ခင်သက်မြိုင်၊ မျက်စိအထူးကု ဆရာဝန်ဒေါက်တာဒေါ်နီလာသိန်းနှင့်ဒေါက်တာ ဒေါ်အေးမြတ်ဦး၊ သွားနှင့်ခံတွင်းအထူးကုဆရာဝန်ဒေါက်တာဒေါ်အိအိဆုလှိုင်တို့ကကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေး စောင့်ရှောက်မှု အနေဖြင့် စမ်းသပ်ကုသပေးခြင်း ဆေးဝါးများ အခမဲ့ ပေးဝေခြင်းတို့ကို ပြုလုပ်ပေးသည်။

ထို့နောက်ကျောင်းခန်းမ၌ကျောင်းသား၊ ကျောင်းသူများအားကလေးသွားကျန်းမာရေးနှင့် သွားညှိကုဌာန သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခ ဌာနမှူး ဒေါက်တာ ဒေါ်စန်းစန်းဝင်းက ကလေးသွား ကျန်းမာရေးအကြောင်း သိကောင်းစရာပညာပေးခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ လှူဒါန်းသော ဗလာစာအုပ် ဒါဇင် ၅၀၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ လှူဒါန်းသော အမှိုက်ပုံး ၁၀ပုံးနှင့် အမှိုက်အိတ် ၁၅၀တို့ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြဦးထံပေးအပ်လှူဒါန်းသည်။ယင်းနောက် အင်းစိန်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများ၏ အမျိုးသမီးရေးရာ အဖွဲ့ဝင်အဆိုပြုလွှာများကိုဒေါက်တာ ဒေါ်ခင်ဆန်းနွယ်ထံ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မြဦးနှင့်ကျောင်းသူများက ပေးအပ်သည်။

ထို့နောက် ဒေါက်တာဒေါ်ခင်ဆန်းနွယ် ဦးဆောင်သည့် အဖွဲ့ဝင်များသည် ကျောင်းခန်းမ၌ ကျောင်းသူများဖြင့် စကားဝိုင်း ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်းသိရှိရသည်။

(သတင်းစဉ်)




**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်ထံ အင်းစိန်မြို့နယ် အထက(၃)ကျောင်းသူများ၏ အသင်းဝင်အဆိုပြုလွှာများကို ပေးအပ်စဉ်။**

(မြို့တော်စည်ပင်)



(3-12)04.pmd 1 12/3/2008, 4:42 AM

# အီရတ်တရားရုံးက အမေရိကန်စစ်ဘက်အား ရိုက်တာဓာတ်ပုံဆရာ ပြန်လွှတ်ပေးရန် အမိန့်ချမှတ်

**ဘဂ္ဂဒက် ဒီဇင်ဘာ ၂**

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များက စက်တင်ဘာ စောစောပိုင်းကတည်းက ဖမ်းဆီးထားသော ရိုက်တာသတင်းဌာနအတွက် အလုပ်လုပ်ပေးနေသည့် ဓာတ်ပုံဆရာတစ်ဦးကို လွှတ်ပေးရန် အီရတ်တရားရုံး တစ်ရုံးက တနင်္ဂနွေနေ့တွင် အမိန့်ချမှတ်လိုက်သည်။

အီရတ် ရာဇဝတ်မှုဆိုင်ရာ ဗဟိုတရားရုံးချုပ်က ဓာတ်ပုံဆရာအီဗရာဟင်ဂျက်ဆန်မိုဟာမက်ကိုစွဲချက်တင်ရန်ခိုင်လုံသော အထောက်အထားမရှိဟု ဆုံးဖြတ်ချက်ချပြီး ဘဂ္ဂဒက်လေဆိပ်အနီးအကျဉ်းထောင်မှ၎င်းအား လွှတ်ပေးရန် အမေရိကန်တပ်ဖွဲ့အား အမိန့်ပေးခဲ့သည်။

ထိုတရားရုံး၏ဆုံးဖြတ်ချက်ချမှတ်ခြင်းကို အမေရိကန်တပ်ဖွဲ့များက ချက်ချင်း တုံ့ပြန်မှုမရှိကြောင်း တွေ့ရသည်။ အမေရိကန်ပြည်ထောင်စုနှင့် အီရတ်နိုင်ငံတို့ လက်မှတ်ရေးထိုးထားသော လုံခြုံရေးစာချုပ်သစ်အရ အမေရိကန်တို့ ဖမ်းဆီးထားသော အကျဉ်းသား ၁၆၀၀၀၊ ၁၇၀၀၀ ကို တရားစွဲလိုကစွဲဆို သို့မဟုတ် အီရတ်အာဏာပိုင်များထံသို့ လွှဲပြောင်းလိုက လွှဲပေးရမည်။ သို့မဟုတ်ပါက နောင်နှစ်တွင် ၎င်းအကျဉ်းသားများကို လွှတ်ပေးရမည်ဖြစ်သည်။ အမေရိကန်စစ်ဘက်သည် တရားရုံး၏ ဆုံးဖြတ်ချက်ကို ချက်ချင်းလိုက်နာရန် ပျက်ကွက်ခြင်းအတွက် ရိုက်တာသတင်းဌာနနှင့် နိုင်ငံတကာသတင်းဌာနများ အခွင့်အရေးအုပ်စုတို့က ဝေဖန်လိုက်သည်။

***အမ်အင်အေ၊ရိုက်တာ။***



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် နိုဝင်ဘာ ၂၇ ရက်က ကားဗုံးခွဲတိုက်ခိုက်ခံရသောနေရာကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် နိုဝင်ဘာ ၂၉ ရက်က ပေါက်ကွဲမှု ဖြစ်ပွားသွားသော နေရာကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

## အာဖဂန်နစ္စတန်တွင် ကုလသမဂ္ဂအမျိုးသမီး ဝန်ထမ်းတစ်ဦး အသတ်ခံရ

**ကဘူး ဒီဇင်ဘာ ၂**

အာဖဂန်နစ္စတန်အရှေ့ပိုင်း နန်ဂဟာပြည်နယ်၏ ရှပ်ရော့ခရိုင်တွင် မည်သူမည်ဝါမှန်း မသိရသော သေနတ်သမားတစ်ဦးက ကုလသမဂ္ဂအမျိုးသမီးဝန်ထမ်းတစ်ဦးကိုပစ်သတ်သွားကြောင်း တနင်္ဂနွေနေ့ကထုတ်ပြန်သော ကုလသမဂ္ဂကြေညာချက်တစ်စောင်တွင် ဖော်ပြထားသည်။

ပြန်လာကြသောစစ်ပြေးများအတွက် ယာယီနေရာချထားပေးသော အောက်ရှိတ်မဲဆရီ၌ နိုဝင်ဘာ ၂၆ ရက်က ဒေသဆိုင်ရာ လူကြီးများ စည်းဝေးပွဲကျင်းပနေစဉ် ထိုလူကြီးများ၏ရှေ့မှောက်မှာပင် ဘဲလ်ကွစ်မက်ဇ်လွန်းမြာကို ပစ်သတ်ခြင်းဖြစ်ကြောင်းကြေညာချက်တွင် ရေးသားထားသည်။

မက်ဇ်လွန်းမြာသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ကန်ထရိုက် အလုပ်သမားတစ်ဦးဖြစ်ပြီး လူချစ်လူခင်ပေါများသူဖြစ်သည်။ အထူးသဖြင့် အမျိုးသမီးများရေးရာတွင် သူမ၏ နိုင်ငံရေးလှုပ်ရှားမှု ပြောင်းလဲရေးဝါဒကြောင့် ထင်ပေါ်ကျော်ကြားသူဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



အာဖဂန်နစ္စတန်နိုင်ငံ နန်ဂဟာဒေသတွင် ဗုံးထိမှန် ပျက်စီးသွားသော ကားတစ်စီးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

## အာဖဂန်နစ္စတန်တွင် လမ်းဘေးဗုံးကွဲ အမေရိကန်ဝန်ထမ်းတစ်ဦးသေဆုံး

**ကဘူး ဒီဇင်ဘာ ၂**

အာဖဂန်နစ္စတန်တောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် အမေရိကန်ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီ(ယူအက်စ်ပီအိုင်)ကို ပစ်မှတ်ထား၍ တနင်္ဂနွေနေ့က လမ်းဘေးဗုံးခွဲတိုက်ခိုက်ရာ ဝန်ထမ်းတစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိကြောင်း အာဖဂန်တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ လေဆိပ်အနီး စပင်ဆိုးလ်ဒတ် အဝေးပြေးလမ်းမပေါ်တွင် ပေါက်ကွဲစေသော ခဲယမ်းမီးကျောက်များ တင်ဆောင်ထားသည့်ကားတစ်စီးကို အဝေးထိန်းခလုတ်နှိပ်၍ဖောက်ခွဲခြင်း ဖြစ်သည်။ အဆိုပါနေရာသို့ ယူအက်စ်ပီအိုင်မှ မော်တော်ယာဉ်တန်းဖြတ်သန်းစဉ်တွင် ဗုံးခွဲခြင်းဖြစ်ပြီး အာဖဂန်ဝန်ထမ်းတစ်ဦးနှင့် အခြားတစ်ဦး ဒဏ်ရာရရှိကြောင်း ၎င်းပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***




## နယူးယောက်မှ လျှော့စျေးရောင်းစတိုးဆိုင် အလုပ်သမား စျေးဝယ်သူ လူအုပ်တိုး၍ သေဆုံး

**နယူးယောက် ဒီဇင်ဘာ ၂**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် သောကြာနေ့က လျှော့စျေးနှင့် ရောင်းချနေသော စတိုးဆိုင်တစ်ခုအတွင်းသို့ တံခါးပေါက်များ ချိုးဖျက်ပြီး ဝယ်သူများ ဝင်ရောက်လာသောကြောင့် ထိန်းမနိုင်သိမ်းမရဖြစ်ကာ စျေးရောင်းသူတစ်ဦးမှာ လူနင်းခံရပြီး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အသက် ၃၄ နှစ်ရှိ ဗယ်လီစတင်းဝေါလ်မက်သည် စတိုးဆိုင်ကို နံနက် ၅ နာရီ၌ဖွင့်ပြီး အပေါက်ဝ၌ ရပ်နေစဉ် လူအုပ်ကြီးက ၎င်းအား တိုက်ချသွားသည့်အတွက် မြေပြင်သို့ လဲကျသွားကြောင်း ရဲတပ်ဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

သေဆုံးရခြင်း၏ အကြောင်းရင်းကို ဆေးဘက်ဆိုင်ရာမှ စုံစမ်းသူများက စစ်ဆေးဆုံးဖြတ်မည်ဖြစ်သည်။ အသက် ၂၈ နှစ်ရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးအပါအဝင် စျေးဝယ်သူလေးဦးမှာလည်း ဒဏ်ရာရရှိသဖြင့် ဆေးရုံသို့ တင်ပို့လိုက်ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## ဗီယက်နမ်နှင့် အိန္ဒိယဆက်ဆံရေးတိုးမြှင့်

**ဟနွိုင်း ဒီဇင်ဘာ ၂**

ဗီယက်နမ်နိုင်ငံသည် မိတ်ဆွေဟောင်း ဖြစ်သော အိန္ဒိယနိုင်ငံနှင့် ချစ်ခင်ရင်းနှီးမှုပိုမိုခိုင်မာခြင်း၊ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လွန်စွာ အရေးကြီးသည်ဟု မှတ်ယူပါကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်ဟု ဗီယက်နမ်သတင်းဌာနက သောကြာနေ့တွင် ဖော်ပြသည်။

ဟနွိုင်းမြို့တွင် သောကြာနေ့က အိန္ဒိယသမ္မတ ပရာတီဘာဒီဗီဆင်းပတေးနှင့်တွေ့ဆုံဆွေးနွေးစဉ် ဝန်ကြီးချုပ် ငုယင်တန်ဒေါင်းက အထက်ပါအတိုင်း ကြေညာချက်ထုတ်ပြန်ခြင်းဖြစ်သည်။

နိုဝင်ဘာ ၂၆ ရက်က မွမ်ဘိုင်းမြို့တွင် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးကြရသူများ၏မိသားစုများအတွက် ဝမ်းနည်းကြောင်း ပြောကြားသည်။ ၎င်းအပြင် မည်သည့် အကြောင်းပြချက်၊ မည်သည့်ပုံစံနှင့်ဖြစ်စေ အကြမ်းဖက်လုပ်ရှား ဆောင်ရွက်ခြင်းများကို ပြင်းထန်စွာရှုတ်ချကြောင်း ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**အေဒင်ပင်လယ်ကွေ့ နိုင်ငံတကာရေပိုင်နက်တွင် ဒီဇင်ဘာ ၂ ရက်က ဆိုမာလီပင်လယ်ဓားပြများ လိုက်လံတိုက်ခိုက် ပြန်ပေးဆွဲရန် ကြိုးပမ်းသော်လည်း သင်္ဘော၏အမြန်နှုန်း မြင့်မားသဖြင့် လွတ်မြောက်လာခဲ့သည့် လူ၁၀၀၀တင်ဆောင်လာသော အမေရိကန် အပျော်စီးသင်္ဘောကြီး အမ်/အက်စ်နော်တီကာကို တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

## ကိုလံဘီယာနိုင်ငံ၌ မိုးရာသီအတွင်း အနည်းဆုံး ၅၇ ဦးသေဆုံး

**ဘိုဂိုတာ ဒီဇင်ဘာ ၂**

ယခုနှစ် ကိုလံဘီယာ၏ မိုးရာသီတွင် အနည်းဆုံး ၅၇ ဦး သေဆုံးပြီး အိမ်လုံးရေ ၆၇၀၀၀ ပျက်စီးသွားကြောင်း ကိုလံဘီယာ ကြက်ခြေနီအဖွဲ့ ညွှန်ကြားရေးမှူးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

မိသားစုဦးရေ ၁၅၄၀၀၀ ကျော်သည် ရေလွှမ်းခြင်း၊ မြေပြိုခြင်းတို့၏ အန္တရာယ်ကို ကြုံတွေ့ကြရကြောင်း၊ အထူးသဖြင့် အရှည်လျားဆုံးဖြစ်သည့် မက်ဒါလီနာမြစ်နှင့် ကော့ကာမြစ်တစ်လျှောက်တွင်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးမာကွက်ဇ်က ပြောကြားသည်။

ကိုလံဘီယာ ပတ်ဝန်းကျင်နှင့် အိုးအိမ်ဝန်ကြီး ဂျွန်လိုဇာနိုက ရေဘေးသင့်သော မြို့များမှ မြို့တော်ဝန်များကို ရေလွှမ်းမိုးမှုနှင့် ဆက်စပ်၍ ဖြစ်လာနိုင်သော သဘာဝဘေးအန္တရာယ်များအား ကြိုတင်မှန်းဆ၍ ကာကွယ်ရေးကိစ္စများ ဆောင်ရွက်ထားကြရန် တိုက်တွန်းထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ဩစတြေးလျကမ်းခြေတွင် သောင်တင်နေသော ဝေလငါး ၁၅၀ သေဆုံး

**ဆစ်ဒနီ ဒီဇင်ဘာ ၂**

ဩစတြေးလျနိုင်ငံ တပ်စ်မာနီယာ အနောက်ဘက်ကမ်းခြေ အလွန်တွင် အစုလိုက်သောင်တင်နေသော ဝေလငါးကောင်ရေ အနည်းဆုံး ၁၅၀ သေဆုံးသွားကြပြီ ဖြစ်ကြောင်း အာဏာပိုင်များက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ကယ်ဆယ်ရေး ဆောင်ရွက်ကြသူများသည် ကောင်ရေအနည်းငယ်ကိုသာ သမုဒ္ဒရာအတွင်းလမ်းပြပို့ဆောင်ပေးနိုင်ခဲ့သည်။

သေဆုံးသွားကြသော ဝေလငါးများကို ရေတွက်ရာ အစောပိုင်းက ခန့်မှန်းထားသည့် အကောင် ၈၀ ၏ နှစ်ဆရှိကြောင်း ပြည်နယ်အစိုးရက ပြောကြားသည်။

သောင်တင်နေသော ဝေလငါးများကို စနေနေ့က တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် အစိုးရက၎င်းတို့အား ကယ်တင်နိုင်ရန် ကြိုးစားသော်လည်း ကျောက်စွန်းကျောက်စက်များကြောင့် ရရှိထားသော ၎င်းတို့၏ ဒဏ်ရာများမှာ အလွန်ပင်ဆိုးရွားနေပြီဟု ဆိုသည်။

ကယ်ဆယ်ရေးသမားများသည် ထိုပင်လယ်ကွေ့အတွင်းမှ ဝေလငါးကောင်ရေ ၃၀ ခန့်ကို သမုဒ္ဒရာအတွင်းသို့ ပို့ပေးနိုင်ခဲ့ကြောင်း ဩစတြေးလျသတင်းဌာနများက ဖော်ပြသည်။

***အမ်အင်အေ၊ရိုက်တာ။***



(3-12)05.pmd 1 12/3/2008, 4:42 AM

# မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ ပညာရပ်ဆိုင်ရာနယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ရေး

**တက္ကသိုလ်ကိုလတ်**

> နဝမအကြိမ်
> **မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ**
> ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ(၂-၃)ရက်နေ့
> နေပြည်တော်

မြန်မာ့တိုင်းရင်းဆေးနည်းပညာမှာ လူတို့၏အသက်ရှည်ရေး၊ ကျန်းမာကြံ့ခိုင်စေရေးအတွက် ရုပ်ခန္ဓာနှင့် ပတ်သက်ဆက်နွယ်လျက် ပေးရမည့်ဆေး၏ ရသ၊ ဝိပါက၊ ဂုဏ်၊ ဝီရိယ၊ ကိစ္စ၊ သဘာဝတို့ကို ထည့်သွင်းစဉ်းစား ပိုင်းခြားဝေဖန်ရသကဲ့သို့ စိတ်ပိုင်းဆိုင်ရာ အပါအဝင် ကံ၊ စိတ်၊ ဥတု၊ အာဟာရဓာတ်လေးပါးတို့ကိုပါ ခြုံငုံ ဆုံးဖြတ်ပြီး ဆေးဝါးဖော်စပ်ကုသမှုများရှိသဖြင့် နိုင်ငံ ရပ်ခြား ဆေးဝါးထုတ်လုပ်ဖော်စပ်မှု ဆေးပညာထက် မြန်မာ့တိုင်းရင်းဆေးပညာက ပိုမိုနက်နဲခက်ခဲ သိမ်မွေ့ သည်ဟု ဆိုရပါမည်။

လွန်ခဲ့သောနှစ်ပေါင်းတစ်ထောင်ကျော်ကပင် အစဉ် အလာမပျက်အသုံးပြုမှု၊ ဖော်ထုတ်သုံးစွဲလာခဲ့ကြသည့် သဘာဝဆေးပင်၊ ဆေးမြစ်များ ရွေးချယ် ထိရောက်မှု တို့ကြောင့် ကြုံတင်ကာကွယ်နိုင်စွမ်းရှိခြင်း၊ ကုသမှု ဆေးချက်ထိရောက်ခြင်း၊အဆိုးရွားဆုံးရောဂါကပ်ကြီးများ ကျရောက်ခံစားမှုကို အထိုက်အလျောက် ကာကွယ်နိုင်ခဲ့ ကြသဖြင့် အချို့နိုင်ငံများကဲ့သို့ အသက်အန္တရာယ် ဆိုးရွားစွာ ဆုံးရှုံးမှုမျိုး ပြင်းပြင်းထန်ထန် ခံစားမှုများ နည်းပါးရခြင်းတို့ကိုထောက်၍ ရှေးနှစ်ပေါင်းများစွာမှ ယခုထက်တိုင် မြန်မာ့တိုင်းရင်းဆေးပညာ၏ တည်ငြိမ် ခိုင်မာမှုကို သုံးသပ်ရှုမြင်နိုင်ပေသည်။

မြန်မာ့တိုင်းရင်းဆေး၏ သဘာဝဆေးပင်ဆေးမြစ် များနှင့် မြေထွက်၊ရေထွက် သယံဇာတဆေးဖက်ဝင် ပစ္စည်းများမှာ ဘေးထွက်ဆိုးကျိုး အလွန်နည်းပါးပြီး ရောဂါဝေဒနာအလိုက် အချိန်ယူ မှီဝဲသောက်သုံးခြင်းဖြင့် ရောဂါကို အမြစ်ပြတ် ပျောက်ကင်းစေသည်။

'တန်ဆေး လွန်ဘေး' ဟူသော စကားတစ်ရပ် ရှိပါသည်။ အနောက်တိုင်းဆေး၊ တိုင်းရင်းဆေး မည်သည့် ဆေးကိုပင်သောက်သောက် အတိုင်းအတာတစ်ခု၊ရည်ညွှန်း ချက်တစ်ခုအရသာ သောက်သုံးမှီဝဲကြရပါသည်။ မြန်မာ့ တိုင်းရင်းဆေးများသည် မကျန်းမာစဉ်အခိုက်အတန့် သုံးစွဲ ရမည့်ဆေးနှင့် ရေရှည်သောက်သုံးမှီဝဲသင့်သည့်နာတာရှည် ဝေဒနာရှင်များအတွက် ဆေးများကို အနောက်တိုင်း ဆေးဝါးများကဲ့သို့ ခေတ်မီအဆင့်မြင့်ဆေးဝါးလုပ်ငန်းသုံး စက်များဖြင့် ဖော်စပ်ထုတ်လုပ်လျက် ရှိနေပေသည်။

လူ့ခန္ဓာသည် သဘာဝအတိုင်း သွေးသားများဖြင့် တည်ဆောက် မွေးဖွားလာခြင်းဖြစ်၍ သဘာဝအတိုင်း ဖြစ်တည်မှုမှ ယိုယွင်းမှုကိုပြုပြင်ရန် သဘာဝမှဖြစ်သော ဆေးပင်၊ ဆေးမြစ်များဖြင့် ပြုပြင်ရလျှင် ပို၍သင့်တော် မည်ဟု ယူဆလာကြသည်။ ယခင်က ခန္ဓာကိုယ် ယိုယွင်း ဖောက်ပြန်မှုကို ဓာတုဆေးဝါးများဖြင့် ကမ္ဘာ့လူသား အတော်များများက ကုသမှုကို လက်ခံခဲ့ကြရသော်လည်း ယခု၂၁ရာစုကာလများတွင် လူအများသည် ဓာတုပစ္စည်း ဖြင့် ထုတ်လုပ်သော ဆေးဝါး၊ အစာအာဟာရထက် သဘာဝနည်းဖြင့်ဖော်စပ်သော ဆေးဖက်ဝင်အပင်ပစ္စည်း၊ အစာအာဟာရတို့ကို အားသန်စိတ်ဝင်စားလျက် မိမိတို့ ခန္ဓာကိုယ်ကို အသက်ရှည်ကြာ နေနိုင်စေရန်အတွက် ပြုပြင်လာကြသည်။

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ ဆေး ထုတ်လုပ်ရေး ကုမ္ပဏီကြီးများသည် လက်တွေ့သုတေသန ပြုလုပ်ထားကြသော သဘာဝဆေးဖက်ဝင် အပင်များ၊ ဆေးဖက်ဝင်ပစ္စည်းများဖြင့် ရောဂါကုသမှုဆိုင်ရာ ဆေးဝါး များကို ဖော်စပ်ထုတ်လုပ်လျက်ရှိကြသည်။ ဥပမာ- အိန္ဒိယနိုင်ငံ ဆေးကုမ္ပဏီအချို့နှင့် တရုတ်ဆေးကုမ္ပဏီ အချို့တို့ပူးပေါင်း၍ ၎င်းတို့နိုင်ငံထွက် တိုင်းရင်း ဆေးပင်များနှင့် ပေါင်းစပ်ထုတ်လုပ်သော အသည်းရောဂါ အတွက် ဆေးများ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ အခြားရောဂါ များအတွက်လည်း သုတေသနပြုပူးပေါင်း ထုတ်လုပ်ခြင်း တို့ပင်ဖြစ်သည်။ ယခုအခါ ကမ္ဘာနှင့်အဝန်း သဘာဝ အစွမ်းထက် ဆေးပင်များနှင့် ဓာတုပစ္စည်းများ မပါသော ဆေးဝါးများ၊ ဖြည့်စွက်ဆေးဖက်ဝင် အစာကုထုံးများ (Traditional and Complementary medicine, Food Supplement, Alternative medicine, Herbals)အား အထူးစိတ်ဝင်စားဖွယ် မက်မက်မောမော ရှာဖွေမှီဝဲခြင်း၊ သုတေသနပြုထုတ်လုပ်ခြင်းများကို ပြုလုပ်လာကြပြီ ဖြစ်ပါသည်။ အရှေ့တောင်အာရှ နိုင်ငံအချင်းချင်းသာမက အနောက်နိုင်ငံအချို့ကပါ မြန်မာ့ဆေးပင်များကို တန်ဖိုးထား ရမှန်း၊ ကုထုံးနည်းစနစ်များကို သိရှိလိုမှုများဖြင့် စူးစမ်း လာကြသည်။

မြန်မာ့တိုင်းရင်းဆေးသည် သဘာဝပေါက်ပင် ဆေးဖက် ဝင် အရွက်၊အခေါက်၊အမြစ်၊ အသီးတို့ အများဆုံးပါဝင် ဖော်စပ်ထားသဖြင့် ခန္ဓာနှင့် သဟဇာတ ဆက်နွယ်လျက် ရှိသကဲ့သို့ ဝန်းကျင်သဘာဝနှင့်လည်း လိုက်လျောညီထွေ ရှိ၍ အသက်ရှည်ကြာကျန်းမာစွာ ရပ်တည်နိုင်ပေသည်။ ခန္ဓာကျန်းမာ၍ နေလျှင်လည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဓာတ်လေးပါး မျှတစွာ ပြုပြင်နေထိုင်ခြင်းဖြင့် မည်သည့် ဆေးမျှမသောက်ဘဲနေနိုင်အောင် ကြိုးစားကြရပါမည်။ ယင်းသို့ ကျန်းမာစွာနေနိုင်ခြင်းသည် ရှေးယခင်က မြန်မာ့ တိုင်းရင်းဆေးလောက၏ ဖခင်၊ ဆေးဆရာကြီးများ၏ ဆေးဝါးကုသမှု အတတ်ပညာဖြင့် ကျေးဇူးပြုခဲ့ခြင်းကြောင့် ဖြစ်သည်။ ယခုခေတ်တိုင်းရင်းဆေးဆရာများက ရှေးသမား တော်ကြီးများ၏ လက်တွေ့ကုသချက်များ ပေါင်းစပ်၍ ဆေးနည်းသစ်များ ဖော်ထုတ်ကုသမှု၊ လက်တွေ့ ပျောက်ကင်းသည့် တိုင်းရင်းဆေးဖုံများကို သုတေသန ပြုဓာတ်ခွဲစမ်းသပ်လျက် သိပ္ပံနည်းကျ အကျိုးသက်ရောက် မှုများကို ဖော်ထုတ်၍ ဝေဒနာရှင်များအား တိုက်ကျွေး ကုသမှုတို့ ပြုလုပ်နိုင်ပြီဖြစ်သည်။

ဤသို့ ပြုလုပ်လာနိုင်ခြင်းမှာ မြန်မာ့လူနေမှုဓလေ့ နှင့် လိုက်လျောညီထွေသော ရှေးယခင်နှစ်ပေါင်းများစွာ ကပင် အမြစ်တွယ်ရှင်သန်ခဲ့သည့် အစွမ်းထက်ဆေးများ ဖော်ထုတ်၍ နိုင်ငံတော်အစိုးရက ဒေသနေပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်မှုပြုခဲ့သောကြောင့် ဖြစ်သည်။ ကျေးလက်နေ ပြည်သူများသည် အနောက်တိုင်းဆေးများ အသုံးပြုမှုထက် ဆေးမြီးတိုများအပါအဝင် မြန်မာ့တိုင်းရင်း ဆေးများကိုသာ အသုံးပြုမှုရာခိုင်နှုန်း ပိုမိုများပြားလာရခြင်း မှာ မြန်မာပြည်သူများ၏ တစ်မျိုးသားလုံး ကျန်းမာရေး စောင့်ရှောက်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးသည့်အနေဖြင့် တိုင်းရင်းဆေးသမားတော်များ၏ တိုင်းရင်းဆေးညီလာခံ များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာဆွေးနွေးပွဲ၊ စာတမ်း ဖတ်ပွဲများကို နှစ်စဉ်ကျင်းပပေးခဲ့ခြင်းမှ ဖြစ်ပေါ်လာသည့် ရလဒ်ကောင်းများဖြစ်ပေရာ ယခုဆိုလျှင် မြန်မာ့တိုင်းရင်း ဆေးသမားတော်များ ညီလာခံသည် နဝမအကြိမ်သို့ပင် ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

"နိုင်ငံအတွင်းနေထိုင်သူများမှာ မိမိနိုင်ငံသား များ၊မိမိတို့၏ သွေးရင်းသားရင်းများ ဖြစ်ကြောင်း၊ မိမိတို့၏ သွေးရင်းသားရင်းများ၊ မိမိတို့လူမျိုးများ ကျန်းကျန်းမာမာနေနိုင်ရေး၊ အသက်ရှည်ရှည် နေနိုင်ရေး အတွက် 'အာရောဂျ၊ ပရမံလာဘံ' ဟူသည့် ကျန်းမာ ရေး လာဘ်ကြီးတစ်ပါးရရှိစေရန် စေတနာထားပြီး ဇီဝိတ ဒါနကို ပြုလုပ်နေသော စေတနာရှင်များအဖြစ် ခံယူ ဆောင်ရွက်ကြရန်လိုကြောင်း၊

**Human Resource Development** နှင့် **Material Development** တို့ကို အချိုးညီပေါင်းစပ်နိုင်မှသာ ပညာရပ်ဆိုင်ရာ နယ်ပယ်များ ဖွံ့ဖြိုးတိုးတက် လာမှာ ဖြစ်ကြောင်း၊ ထို့ပြင် ဘာသာရပ်အလိုက် သုတေသနလုပ်ငန်းများ **Research and Development** ကိုတွဲဖက်ဆောင်ရွက်သွားနိုင်ရန်လည်း လိုအပ် ကြောင်း" ကျန်းမာရေးမူဝါဒဆိုင်ရာ လမ်းညွှန်ချက်များ ကို မိန့်ကြားခဲ့ပါသည်။

ထိုမိန့်ကြားချက်ကို ထောက်ရှုခြင်းဖြင့် နိုင်ငံတော် အကြီးအကဲသည် မိမိ၏ပြည်သူများအပေါ် ရင်ဝယ်သား ကဲ့သို့ စေတနာထား၍ ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြ သော ဆေးပညာရှင်များအား ဇီဝိတဒါနကုသိုလ်ပြု စေတနာ ရှင်များအဖြစ် ခံယူကျင့်သုံးဆောင်ရွက်ကြရန် လမ်းညွှန်ထား ပေရာ ဆေးပညာရှင်များတွင် ပါဝင်သော တိုင်းရင်းဆေး ဆရာများအနေဖြင့် အထူးအလေးထား လိုက်နာကျင့်သုံးကြ ရမည် ဖြစ်ပါသည်။

ထိုသို့ခံယူချက်နှင့်အညီ တိုင်းနှင့်ပြည်နယ်အသီးသီး မှ တိုင်းရင်းဆေးပညာရှင်များက အစုအဖွဲ့အလိုက် မြန်မာ နိုင်ငံ၏ ရာခိုင်နှုန်း ၇၀ရှိ ကျေးလက်နေ ပြည်သူများထံသို့ အရောက် အခမဲ့ဆေးဝါးကုသမှုစီမံချက်များ၊ ကျန်းမာရေး ပညာပေးဟောပြောမှုများ၊ ဒေသအလိုက် ပေါက်ရောက် သည့် ဆေးဖက်ဝင်အပင်များ ရှာဖွေဖော်ထုတ် သုတေသန ပြုမှုများကို ဆောင်ရွက်လျက်ရှိနေကြပြီ ဖြစ်ပါသည်။

ဒေသအလိုက် ထိုသို့လက်တွေ့သုတေသနပြုလုပ်ငန်း များ ဆောင်ရွက်လာနိုင်ပါကတစ်နိုင်ငံလုံးရှိ တိုင်းရင်းဆေး ဖက်ဝင်ပစ္စည်းများ၏ သုတေသနလုပ်ငန်းများ ဆောင်ရွက်မှု နှင့် လက်တွေ့အောင်မြင်မှုရလဒ် ဆွေးနွေးပွဲများ၊ ထိုမှ တစ်ဆင့်အဖြစ်များသော ရောဂါကြီးများအလိုက် နိုင်ငံတကာဈေးကွက်သို့ အစွမ်းထက်ဆေးဝါးများ ဖြန့်ချိ တင်ပို့နိုင်ခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ၏ အခန်း ကဏ္ဍသည် အရှေ့တောင်အာရှတွင် ပိုမိုဂုဏ်ယူစရာ ဖွံ့ဖြိုးတိုးတက်မှု နမူနာယူစရာများ ဖြစ်လာပေလိမ့်မည်။ တစ်ချိန်တည်းမှာပင် မြန်မာ့ဆေးဝါးကို ပြည်သူများက ပိုမိုအားကိုးအားထား ပြုလာကြပြီး နိုင်ငံတကာအဆင့်မီ ခုတင် ၅၀၀နှင့် ၁၀၀၀ဆံ့ တိုင်းရင်းဆေးရုံကြီးများ ဒေသ အနှံ့ ပေါ်ပေါက်ဖြစ်ထွန်းလာမည် ဖြစ်ပါသည်။

ထိုအောင်မြင်မှုများ ရရှိရေးအတွက် အခြေခံ အကျဆုံးအချက်များမှ အရေးပါသည့် အကြောင်းတစ်ရပ် မှာ တိုင်းရင်းဆေးဆရာများ၏ မိမိတတ်ကျွမ်းထားသော၊ ကိုယ်တိုင်လည်း ဆက်လက်လေ့လာဆည်းပူးနေရသော၊ တိုင်းရင်းဆေးပညာရပ်အပေါ် သစ္စာရှိမှု၊ လူနာအပေါ် ကရုဏာနှင့် ကိုယ်ချင်းစာစိတ်ထားရှိမှုတို့ပင် ဖြစ်သည်။

မြန်မာတိုင်းရင်းဆေးဆရာများ အသင်းဝင်တိုင်းက သစ္စာပြုထားသည်မှာ "မြန်မာ ပြည်သူ ပြည်သား တို့အား တိုင်းရင်းဆေးပညာဖြင့် အလုပ်အကျွေး ပြုကုန်အံ့" ဟူ၍ ဖြစ်ပါသည်။ ထို့အတူ တိုင်းရင်းဆေး သမားတော်များ အားလုံးသည် မြန်မာ့တိုင်းရင်းဆေးပညာ နှုန်းမီစံကိုက် ဖွံ့ဖြိုးတိုးတက်ထွန်းကားပျံ့နှံ့ရေး၌ အဆင့် အတန်း မြင့်မားရေး၊တိုင်းရင်းဆေးသမားတော်များ အရည် အသွေးတိုးတက်မြင့်မားရေးနှင့် မြန်မာ့တိုင်းရင်း ဆေးပညာ ထိရောက်ထက်မြက်မှုဖြင့် ပြည်သူတို့၏ ကျန်းမာရေးကို အပြည့်အဝစောင့်ရှောက်မှုပေးရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

အစွမ်းထက်သော မြန်မာ့တိုင်းရင်းဆေးများကို သိပ္ပံနည်းကျ သုတေသနပြု ဖော်ထုတ်ရာတွင် ဆေးပင်၊ ကုထုံးကုနည်း၊ အကျိုးသက်ရောက်မှု၊ တိုင်းရင်းဆေးအသိ ပညာနှင့် သုံးသပ်ဆုံးဖြတ်မှု၊ ဘေးထွက်ဆိုးကျိုး ပါဝင်မှု ရှိ၊ မရှိ တို့ကို သက်ဆိုင်ရာသမားတော်နှင့် သုတေသန ပညာရှင်များ ကျယ်ပြန့်စွာ ပူးပေါင်းညှိနှိုင်း ဆောင်ရွက် ကြရန်လည်း လိုအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ များမှ အစဉ်လမ်းညွှန်ချက်ဖြစ်သော သိမ်မွေ့နက်နဲသည့် မြန်မာ့တိုင်းရင်းဆေး ပညာရပ်များ၊ ကုထုံးများ၊ အဖိုးမဖြတ် နိုင်သည့် ဆေးကျမ်းများနှင့် အာနိသင်ထက်မြက်သည့် ဆေးဝါးများ၏ အနှစ်သာရ အဆီအနှစ်များကို စုစည်း၍ အမျိုးသားရေး အမွေအနှစ် ပညာတစ်ရပ်အဖြစ် တင်ကျန် တည်ရှိစေရန်နှင့် ကျစ်လျစ်ခိုင်မာသည့် အမျိုးသားရေး စွမ်းအားစုတစ်ရပ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးဆရာ အသင်းကြီး၏ အလံတော်အောက်တွင် လက်တွဲခိုင်ခိုင် ဆက်လက်ကြိုးပမ်း အားထုတ်နိုင်ကြရန်ဟူ၍ အစဉ် တစိုက်ထားရှိရမည့် ခံယူချက်ကို ရည်ညွှန်းထားပေသည်။ သို့ဖြစ်ရာ တိုင်းရင်းဆေးဆရာများ၏ စုစည်းစွမ်းအားဖြင့် မြန်မာပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် လူသား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော် အစိုးရ၏ တိုင်းရင်းဆေးပညာလောကနှင့် တိုင်းရင်းဆေး ဆရာများအပေါ်ထားရှိသည့် စေတနာကို သိမြင်သဘော ပေါက်လျက် မြန်မာ့တိုင်းရင်းဆေး သမားတော်တို့၏ ပညာရပ်ဆိုင်ရာ နယ်ပယ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် လေ့လာသုတေသနပြုထားသော အစွမ်းထက် တိုင်းရင်းဆေးပင်နှင့် ခေတ်ရေစီးကြောင်းအရ ဖြစ်ပေါ် လာသော ရောဂါများအတွက် ဆေးဖုံအသစ်များ ထွက်ပေါ် လာစေရန် အားစိုက်ခွန်စိုက် စဉ်ဆက်မပြတ် စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရ ပေသည်။ ။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၃-၁၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ ၄။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၅ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၄း၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၈။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅း၂၀ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၄၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၅။ ကာတွန်းအစီအစဉ် - ကျားကလေးရဲ့ မွေးရပ်မြေ(အပိုင်း-၅၂)
- ၆း၄၅ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၇။ **ရသစုံ လင်ရုပ်မြင် ဇာတ်လမ်း - ကျွန်တော်တင်တဲ့ မင်းသမီး (အပိုင်း-၁)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ဖြေလိုက်ပါ
- ၂၂။ ICT သုတ
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရွှေမင်းသမီးရဲ့ဖူးစာ (အပိုင်း-၂၉)**
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

## ရွှေရတုပွဲနှင့် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂**

မအူပင်မြို့နယ် ရေလဲကလေး အထက၏ (၁၉၅၈-၂၀၀၈) နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ပွဲတော်နှင့် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အာစရိယပူဇော်ပွဲ အတွက် အလှူငွေများလှူဒါန်းလိုပါက ဦးထွန်းမြင့်(ရန်ကုန်) ဖုန်း ၀၁-၆၃၈၂၃၁၊ ဦးရန်ဝင်း(အေဝမ်းကုမ္ပဏီ) ဖုန်း ၀၁-၂၄၅၃၂၃၊ ဦးမောင်မြင့် (ရန်ကုန်) ဖုန်း ၀၁-၆၃၈၄၅၄၊ ဦးရွှေထွန်း (မအူပင်)ဖုန်း ၀၉-၈၅၈၅၅၈၇၊ ဦးရဲမြင့် ဖုန်း ၀၄၅-၂၁၀၂၂၊ ဦးကြည်ထွန်း ဖုန်း ၀၉-၈၅၈၅၉၅၂၊ ဦးအောင် မြတ်ကို ဖုန်း၀၉-၈၅၈၅၈၇၁၊ ဦးမြင့်သိန်း ဖုန်း ၀၉-၈၅၈၅၄၉၀၊ ဦးကြည်ဝင်း လေး ဖုန်း ၀၉-၈၅၈၅၉၉၇၊ ဦးမောင်ချို ဖုန်း ၀၉-၈၅၈၅၈၄၂၊ ဦးစိုးမြင့် ဖုန်း ၀၉-၈၅၈၆၆၄၇၊ ဦးတင်ထွေး ဖုန်း ၀၉-၈၅၈၆၆၁၂၊ မပြုံး(ခ) မလှလှစန်း ဖုန်း ၀၉-၈၅၈၅၁၉၁၊ ဦးစိန်လှိုင် ဖုန်း ၀၉-၈၅၈၆၂၈၁၊ ဦးကျော်ဝဏ္ဏ ဖုန်း ၀၉-၈၅၈၅၁၈၆၊ ဦးတင်ထွန်း ဖုန်း ၀၉-၈၅၈၅၉၇၃၊ ဦးလှမြင့် ဖုန်း ၀၉-၈၅၈၅၉၄၇၊ ဒေါ်မေလေး ဖုန်း ၀၉-၈၅၈၅၆၂၁၊ မမြင့်အေး ဖုန်း ၀၉-၈၅၈၆၁၃၂ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)





# မကွေးတိုင်း ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂

**မကွေးတိုင်း ရဲတပ်ဖွဲ့၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မကွေးတိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင်ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ တက်ရောက်၍ အမှာစကား ပြောကြားသည်။** (ဓါတ်ပုံ)

ထို့နောက် မကွေးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သိန်းကြည်က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်း**

ယင်းနောက် အစည်းအဝေး ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့မှူးများက တင်ပြဆွေးနွေးခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တို့၏ ညွှန်ကြားချက်များ ထပ်ဆင့်ရှင်းလင်းခြင်းများ ဆောင်ရွက်ပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရုံးသုံးကွန်ပျူတာ အဆင့်မြင့်သင်တန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းဖွင့်

နေပြည်တော် ဒီဇင်ဘာ ၂

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာနက ဦးစီးကျင်းပဖွင့်လှစ်သည့် ရုံးသုံးကွန်ပျူတာ အဆင့်မြင့်သင်တန်းအမှတ်စဉ်(၃/၂၀၀၈)နှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း(၂/၂၀၀၈)သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၇ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၈၄ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

# TODAY Group of Companies (၁၅)နှစ်ပြည့် အခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂**

၁၉၉၃ခုနှစ်တွင်စတင်တည်ထောင်ခဲ့သော TODAY Group of Companies ၏ (၁၅)နှစ်ပြည့်မြောက်သည့် အခမ်းအနားကို နိုဝင်ဘာ ၂၉ရက်တွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Parkroyal Hotel ၌ကျင်းပသည်။

အခမ်းအနားတွင် TODAY Group of Companies ၏ Chairman ဒေါက်တာ သာထွန်းဦးကအမှာစကားနှင့် ကျေးဇူးတင်စကား ပြောကြားပြီး ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**လည်ပတ်လျက်ရှိ**

TODAY Group of Companies လက်အောက်တွင် TODAY Publishing House Ltd၊ TODAY Advertising Ltd၊ Myanmar Spa TODAY Fareast Advertising Ltd၊ Premium Marketing Co.,Ltd၊ TODAY Printing Co.,Ltd၊ TODAY Book Store၊ Myanmar Silk Road Travel Ltd နှင့် TODAY Media & Information Ltdတို့ပါဝင်ကြပြီး ဝန်ထမ်းပေါင်း ၁၂၀ ကျော်နှင့် လုပ်ငန်းများလည်ပတ်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရုံးသုံးကွန်ပျူတာ အဆင့်မြင့်သင်တန်းအမှတ်စဉ်(၃/၂၀၀၈) နှင့်ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း(၂/၂၀၀၈)သင်တန်းဖွင့်ပွဲတွင်အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)





# လှော်ကားထား အ-ထ-က (စတုတ္ထအကြိမ်) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းလေးမျက်နှာမြို့နယ် လှော်ကားထား အခြေခံပညာအထက်တန်းကျောင်း၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည် ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဒေါ်စောဝင်း၊ ကျောင်းအုပ်ကြီး၊ အထက လှော်ကားထား၊ ဒေါ်ခင်သန်းဦး၊ ကျောင်းအုပ်ကြီး၊ အထက(၃)၊ ကြည့်မြင်တိုင်၊ ဖုန်း-၂၂၀၃၈၀၊ ဦးလှထူး(ဟသ်ာတ) ဖုန်း-၀၉ ၈၅၈၀၈၃၅၊ ဦးလှသိန်း (စိန်တောင်)ဖုန်း-၀၉-၈၅၈၁၃၃၁၊ ဦးခင်မောင်လွင် ဖုန်း-၀၉-၈၅၈၆၅၇၆နှင့် ဖြစ်မြောက်ရေးကော်မတီတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

# အောင်ပွဲရဘောလုံးအသင်းအား ဂုဏ်ပြုလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂**

၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၁ရက်မှ ၂၁ရက်အထိ ရန်ကုန်မြို့၌ ကျင်းပခဲ့သော တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲခဲ့သော မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ ည ၇နာရီက ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပပြုလုပ်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ International Beverages Trading Co, Ltd မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်နှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဂုဏ်ပြုပွဲတွင် ရှေးဦးစွာ International Beverages Trading Co. Ltd မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်မှMain Sponsorအဖြစ်ပံ့ပိုးကူညီခွင့်ရသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

**အမှာစကားပြော**

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ယင်းနောက် အောင်ပွဲရ မြန်မာဘောလုံးအသင်းအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဇနီး ဒေါ်ငွေငွေခိုင်က ငွေကျပ် ၁၂၅ သိန်း၊ International Beverages Trading Co.,Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မိုးကျော်နှင့်ဇနီးက ငွေကျပ်သိန်း၁၀၀၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ငွေကျပ်သိန်း၅၀၊ Asia World Co.,Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းမြင့်နိုင်က ငွေကျပ်သိန်း ၃၀ နှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်၊ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် နာယကများက ငွေကျပ်ငါးသိန်းတို့ ပေးအပ်လှူဒါန်းကြရာဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံရယူသည်။ ထို့နောက် အောင်ပွဲရမြန်မာအသင်း၏ ယှဉ်ပြိုင်မှုများအား ဗီဒီယိုမှတ်တမ်းဖြင့် ပြသပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကာစတူဒီယိုတေးသံရှင်များကတေးသံသာများဖြင့် ဖျော်ဖြေကြသည်။

**ဗိုလ်စွဲ**

တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲသို့ အိမ်ရှင် မြန်မာအပါအဝင် အသင်းခြောက်သင်း ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး မြန်မာအသင်းမှာ အုပ်စုတွင် ဘင်္ဂလားဒေ့ရှ်နှင့် ဂိုးမရှိသရေ၊ အင်ဒိုနီးရှားကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အုပ်စု ပထမရရှိခဲ့သည်။ အ ကြို ဗိုလ်လုပွဲတွင် မလေးရှားကို လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲတွင် အင်ဒိုနီးရှားကို နှစ်ဂိုး-တစ်ဂိုးဖြင့် ထပ်မံအနိုင်ရကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

(ကြေးမုံ)




**အောင်ပွဲရ မြန်မာအသင်းအတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဇနီး ဒေါ်ငွေငွေခိုင်တို့က ငွေကျပ် ၁၂၅ သိန်း ပေးအပ်လှူဒါန်းရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် လက်ခံစဉ်။**

(ကြေးမုံ)

# ကျိုးသဲ အထက ရွှေရတု အထိမ်းအမှတ်နှင့် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂**

ပဲခူးတိုင်း(အနောက်) ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ ကျိုးသဲ အထက မှ အသက်(၆၀)ပြည့် အငြိမ်းစား ဆရာ၊ ဆရာမများအား တပည့်ဟောင်းများက ဒီဇင်ဘာ ၁၃ ရက် (စနေနေ့)တွင် ဆဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ်ပွဲကို ယင်းကျောင်းပညာ့ဗိမာန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုသော အလှူရှင်များသည် အလှူငွေများကို ဦးခင်မောင်ဝင်း (သုခအောင်) ဖုန်း-၀၁-၆၉၁၂၇၁၊ ဦးအေးမြင့် (ရန်ကုန်) ဖုန်း-၀၉၅၀၀၁၆၄၄၊ဖုန်း- ဦးမြင့်ဒိုး(ရန်ကုန်) ဖုန်း-၀၁-၆၅၀၀၅၁၊ ဦးဇော်မြင့် (ဇော်လေး) ဖုန်း-၀၅၃-၄၀၂၈၆ (၂၀၂၄) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



(3-12)07.pmd 1 12/3/2008, 4:42 AM

# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ ကိုယ်စားလှယ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဒီဇင်ဘာ ၂

**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းများမှ ညီလာခံကိုယ်စားလှယ် တိုင်းရင်းဆေးသမားတော်ကြီးများအား ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) မြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ဇနီးများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဆေးရုံအုပ်ကြီးများ၊ မြန်မာ့တိုင်းရင်းဆေးကောင်စီဝင် သမားတော်ကြီးများ၊ တိုင်းရင်းဆေးဝါးစစ်ဆေးရေး ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်းမှ တာဝန်ရှိသူများ၊ နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကိုယ်စားလှယ် တိုင်းရင်းဆေးသမားတော်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ညစာသုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ယဉ်ကျေးမှု ကဇာတ်အဖွဲ့က တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေသည်။

(သတင်းစဉ်)



**အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများ၏ တိုင်းရင်းဆေးပြခန်းငယ်များကို ကြည့်ရှုအားပေးစဉ်။** (ကြေးမုံ)

## ❖ မြန်မာ့တိုင်းရင်းဆေးမှ

အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းရင်းဆေး ကောင်စီဝင်များ၊ တိုင်းရင်းဆေးဝါး စစ်ဆေးရေး ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်းမှ တာဝန်ရှိသူများ၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၊ ညီလာခံသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက မိန့်ခွန်းပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံအနေဖြင့် အဆင့်အတန်းမြင့်မားသော ဂုဏ်ယူဝင့်ကြွားဖွယ် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ များစွာ ပြည့်စုံကြွယ်ဝလှသည့်အနက် မြန်မာ့တိုင်းရင်းဆေးပညာသည် ထင်ရှားသော အမျိုးသား အမွေအနှစ် ပညာရပ်တစ်ခုပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံနှင့်လူမျိုး၏ဂုဏ်သိက္ခာကို ထင်ဟပ်ဖော်ညွှန်းနိုင်သော မြန်မာ့တိုင်းရင်းဆေးပညာကို ယနေ့ထက်တိုင် အခြေခိုင်ခံ့တည်တံ့နေစေရအောင် ခေတ်အဆက်ဆက်တွင် အဆင့်ဆင့် ဆက်ခံထိန်းသိမ်းပွားများပြီး စောင့်ရှောက်မြှင့်တင်ပေးခဲ့ကြသော မြန်မာသမားတော်ကြီးများ၏ ဂုဏ်ကျေးဇူးသည် တန်ဖိုးများစွာ ကြီးမားကြောင်း။

ထို့ကြောင့် ရှေးအစဉ်အဆက်က မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၏ တန်ဖိုးမဖြတ်နိုင်သော မျှော်မှန်းအားထုတ်ချက်များနှင့်အညီ သိမ်မွေ့နက်ရှိုင်းလှသည့် မြန်မာ့တိုင်းရင်းဆေးပညာ၏ ပညာခန်းအနှစ်သာရများကို ရရှိဖြစ်ထွန်းနေသော မြန်မာ့တိုင်းရင်းဆေးပညာ တိုးတက်ဖွံ့ဖြိုးမှုအခြေခံကောင်းများ၊ တိုင်းရင်းဆေးသမားတော်များ၏ ပေါင်းစည်းညီညွတ်မှု စွမ်းအားကောင်းနှင့် ခေတ်မီနည်းစနစ်သစ်များ ပေါင်းစပ်ပြီး ရိုးရာအစဉ်အလာမပျက် ခေတ်မီဖွံ့ဖြိုးတိုးတတ်စေရအောင် ဆက်လက်ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြပါဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှု၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ တစ်စိတ်တစ်ဝမ်းတည်း အားထုတ်ကြိုးပမ်း ဆောင်ရွက်မှုတို့နှင့်အတူ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံများက ဖန်တီးဖော်ဆောင်ပေးလာသည့် မြန်မာ့တိုင်းရင်းဆေးပညာ တိုးတက်ဖွံ့ဖြိုးရေးအစီအမံများနှင့် အကျိုးရလဒ်များကို ပညာပြန့်ပွားရေး၊ လက်တွေ့ကုသရေး၊ ပညာပေးလေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး၊ ရောဂါကာကွယ်ကုသနှိမ်နင်းရေး နယ်ပယ်ကဏ္ဍများ၌ အကျိုးရှိထိရောက်စွာ အသုံးချနိုင်သည့်အတွက် ကောင်းမြတ်သောအကြောင်းတရားများစွာ ပေါင်းစည်းပြီး မြန်မာ့တိုင်းရင်းဆေးပညာလောကသည် ထူးထူးခြားခြား တိုးတက်ပြောင်းလဲလာခဲ့ပြီဖြစ်ကြောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာ၏ ပင်ကိုသဘောသဘာဝသည် အလွန်ကျယ်ဝန်းနက်ရှိုင်းလှသကဲ့သို့ အနှစ်သာရအားဖြင့်လည်း လွန်စွာ သိမ်မွေ့နက်နည်းလှကြောင်း၊ ယင်းသို့ နက်နဲခက်ခဲသော မြန်မာ့တိုင်းရင်းဆေးပညာ၏ ပညာခန်းအဆီအနှစ်များသည် သမိုင်းခေတ်အဆက်ဆက်တွင် မြန်မာတိုင်းရင်းဆေးသမားတော်ကြီးများ ရေးသားပြုစုခဲ့ကြသည့် ဆေးပညာဆိုင်ရာ ပေ၊ ပုရပိုက်အဆူဆူ၊ စာပေကျမ်းဂန်အရပ်ရပ်နှင့် ဆေးကျမ်းအစောင်စောင်တို့၌ ကိန်းအောင်းလွှမ်းခြုံနေသကဲ့သို့ ဆရာစဉ်သမားဆက် လက်ဆင့်ကမ်း အမွေပေးခဲ့သော ဆေးပညာရပ်များ၊ ကုထုံးကုနည်းများ၊ အာနိသင်ထက်မြက်သည့် ဆေးဝါးများတွင်လည်း ပေါင်းစည်းပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေသော မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၊ ဆေးပညာဆိုင်ရာ စာပေကျမ်းဂန်များ၊ ထိရောက်အစွမ်းထက်သော ကုထုံးကုနည်းများ၊ အာနိသင်ထက်မြက်သည့် ဆေးဝါးများ၊ အတွေ့အကြုံနှင့် ပညာစွမ်းမြင့်မားသော သမားတော်ကြီးများကို ပြန်လည်ဖော်ထုတ်ပေးရင်း မြန်မာ့တိုင်းရင်းဆေးပညာကို မြှင့်တင်အားပေးစောင့်ရှောက်နေခြင်းဖြစ်ကြောင်း။

တစ်ချိန်တည်းမှာပင် တိုင်းရင်းဆေးပညာ နည်းလမ်းတကျ ဖွံ့ဖြိုးတိုးတက်ထွန်းကားပြန့်ပွားရေးအတွက် ထိရောက်ထက်မြက်သည့် တိုင်းရင်းဆေးဝါးနှင့် ကုထုံးများ စနစ်တကျသုတေသနပြုပြီး စံနှုန်းများ မှတ်တမ်းတင်ထားရှိမှု၊ တိုင်းရင်းဆေးဝါးများကို ခေတ်မီထုတ်လုပ်မှုနည်းစဉ်များ အသုံးပြုထုတ်လုပ်စေပြီး စံချိန်စံညွှန်း၊ အာနိသင်နှင့် ဘေးအန္တရာယ်ကင်းရှင်းမှုအတွက် စစ်ဆေးဆောင်ရွက်ပေးမှု၊ နယကြီးလေးပါး အခြေတည်ပြီး တိုင်းရင်းဆေးပညာရပ်အသီးသီး၏ အနှစ်သာရများကို စုစည်းပြုစုထားသော သင်ရိုးညွှန်းတမ်းများဖြင့် သိပ္ပံနည်းကျ လေ့ကျင့်သင်ကြား၊ ဘွဲ့ဒီဂရီပေးအပ်သည့် တိုင်းရင်းဆေးတက္ကသိုလ်ကြီး ထူထောင်ပေးမှု၊ နိုင်ငံတကာအဆင့်မီ အမျိုးသားပရဆေးဥယျာဉ်များနှင့် မျိုးထိန်းမျိုးပွားပရဆေးဥယျာဉ်များ ထူထောင်ပေးမှုစသော နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးဖွယ်များကို စနစ်တကျ ဖြန့်ကြက်စီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အစဉ်အလာကြီးမားပြီး သိမ်မွေ့နက်နဲလှသော မြန်မာ့တိုင်းရင်းဆေးပညာရပ်များ မပျောက်ပျက်စေရအောင် ထိန်းသိမ်းမြှင့်တင်ပေးရန် ခေတ်မီနည်းပညာများဖြင့် သုတေသနပြု စံချိန်စံညွှန်းများဖော်ထုတ်ပြီး နိုင်ငံတကာက လက်ခံနိုင်သည့် သက်သေအထောက်အထားပြု (Evidence based) သိပ္ပံနည်းကျ အမျိုးသားဆေးပညာရပ်အဖြစ် ဖြစ်ထွန်းလာစေရအောင် ဦးတည်ဆောင်ရွက်ကြရန် မူဝါဒနှင့်လမ်းညွှန်မှုများ အစဉ်တစိုက် ချမှတ်ပေးလျက်ရှိကြောင်း။

ယင်းသို့ အဘက်ဘက်က လိုလေသေးမရှိ အားပေးမြှင့်တင် စောင့်ရှောက်လာခဲ့မှုကြောင့် မြန်မာ့တိုင်းရင်းဆေးပညာ ဆင့်ပွားတိုးတက်ဖွံ့ဖြိုးမှုများနှင့်အတူ မြန်မာ့တိုင်းရင်းဆေးပညာအပေါ် ပြည်သူများ၏ ယုံကြည်အားကိုးမှု အခြေခံကောင်းများသည်လည်း ရရှိဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်ကဏ္ဍသာမက ပုဂ္ဂလိက ကဏ္ဍတွင်ပါ ခေတ်မီထုတ်လုပ်မှုနည်းစဉ်များဖြင့် နိုင်ငံတကာအဆင့်မီ ထုတ်လုပ်သော တိုင်းရင်းဆေးဝါးစက်ရုံကြီးများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းနေပြီဖြစ်သကဲ့သို့ ပြည်သူများကလည်း တိုင်းရင်းဆေးဝါးများကို ယုံကြည်စိတ်ချစွာဖြင့် တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြပြီဖြစ်ကြောင်း။

အနောက်တိုင်းဆေးဝါးများ မတိုးတော့သည့် ရောဂါဆိုးကြီးများအတွက် အနောက်တိုင်းဆေးပညာနှင့် မြန်မာ့တိုင်းရင်းဆေးပညာ ပေါင်းစပ်ကုသမှုများ အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်၍ ပိုမိုပြီး ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်နှင့် သုတေသနလုပ်ငန်းများ၊ ကုထုံးကုနည်းနှင့်ဆေးဝါးများ စံချိန်ပြု မှတ်တမ်းတင်မှုများကို စနစ်တကျ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ယနေ့ကျန်းမာရေးကဏ္ဍတွင် အဓိကပြဿနာများဖြစ်သည့် ငှက်ဖျား၊ တီဘီ၊ သွေးတိုး၊ ဆီးချို၊ ဝမ်းကိုက်နှင့် ဝမ်းလျှောဝမ်းပျက်ရောဂါတို့ကို ကုသနိုင်သော ကုထုံးသစ်များဖြင့် တိုင်းရင်းဆေးဝါးသစ်များ သုတေသနပြုဖော်ထုတ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် အကျိုးရလဒ်ကောင်းအလားအလာကောင်းများ ရရှိနေပြီဖြစ်သည့်အတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ပင်ကိုသဘာဝအားဖြင့် အစွမ်းထက်သည့် မြန်မာ့တိုင်းရင်းဆေးဝါးများကို မူလအနှစ်သာရ မပျောက်ပျက်စေဘဲ ခေတ်မီနည်းပညာများဖြင့် သိပ္ပံနည်းကျစံချိန်စံညွှန်း သုတေသနပြု ဖော်ထုတ်မြှင့်တင်ပြီး ပြည်တွင်းဈေးကွက်သာမက နိုင်ငံတကာဈေးကွက်အထိ ထွန်းပေါက်ကျော်ကြားလာစေရန် မြန်မာ့တိုင်းရင်းဆေးသမားတော်များသာမက သိပ္ပံပညာရှင်သုတေသီများ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများအားလုံးက ဝိုင်းဝန်းအားထုတ် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

တိုင်းရင်းဆေးဝါးများကို အရည်အသွေးမြှင့်တင် တိုးချဲ့ထုတ်လုပ်ရင်း မြန်မာ့တိုင်းရင်းဆေးဝါးများ၏ အခြေခံကုန်ကြမ်းများဖြစ်သည့် ပရဆေးပင်များ၊ ရေထွက်မြေထွက်နှင့် တိရစ္ဆာန်ထွက်ဆေးဖက်ဝင် သယံဇာတ အရင်းအမြစ်များ မပျောက်ပျက်စေရန်နှင့် ထာဝရ တည်တံ့နေစေရန်အတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း။

ခေတ်အဆက်ဆက် အသုံးပြုလာခဲ့ကြသော တိုင်းရင်းဆေးကုန်ကြမ်းများကို နိုင်ငံခြားမှ မှာယူတင်သွင်းရခြင်းမျိုး မဖြစ်သင့်သည့်အတွက် ပရဆေးပင်များ မျိုးထိန်းမှု၊ မျိုးပွားမှု၊ Tissue Culture ဟု ခေါ်သော ခေတ်မီနည်းစနစ်များအသုံးပြုပြီး စီးပွားဖြစ်ထုတ်လုပ်မှုများ ဖြစ်ထွန်းလာအောင် အားထုတ်ကြိုးစားကြရန်လိုကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ အခါမလပ် လမ်းညွှန်ပံ့ပိုးအားပေးချီးမြှောက်မှု၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် မြန်မာ့တိုင်းရင်းဆေးပညာသည် တစ်နေ့ထက်တစ်နေ့ ထင်ရှားပေါ်လွင်လာပြီး ကမ္ဘာက အာရုံစူးစိုက်မှုကို ရရှိနေပြီဖြစ်ကြောင်း။

ဤရလဒ်ကောင်းများကို ဆက်လက်ထိန်းသိမ်းရန်နှင့် နိုင်ငံတကာအလယ်တွင် မြန်မာ့တိုင်းရင်းဆေးပညာ ဂုဏ်သိက္ခာမြင့်မားစွာဖြင့် ခိုင်ခိုင်မာမာ ရပ်တည်နိုင်စေရအောင် ဆက်လက်ကြိုးပမ်း အားထုတ်ဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယခုနှစ် မေလအတွင်း ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့စဉ် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများအနေဖြင့် တိုင်းရင်းဆေးဝါးများ၊ အလှူငွေနှင့်ပစ္စည်းများ စုစုပေါင်း သိန်းပေါင်း ၂၁၉၇ သိန်းကျော်ကို စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းပေးအပ်ခဲ့သည့်အပြင် သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသော ကျေးလက်ဒေသများသို့အရောက် သွားရောက်ပြီး ကယ်ဆယ်ရေးကာလအတွင်း လူပေါင်းတစ်သိန်းခန့်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ခြင်းအတွက် များစွာ ဂုဏ်ယူဖွယ်ကောင်းလှပါကြောင်းနှင့် နိုင်ငံတော်က မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ ပေးပို့သော သဝဏ်လွှာကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဖတ်ကြားသည်။

ညီလာခံ ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် အဖွဲ့ဝင်များနှင့်အတူ တက်ရောက်လာကြသည့် သံတမန်များ၊ တိုင်းရင်းဆေးကောင်စီဝင် သမားတော်ကြီးများနှင့် ညီလာခံသို့ တက်ရောက်လာကြသည့် တိုင်းရင်းဆေးသမားတော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၏ တိုင်းရင်းဆေးပြခန်းငယ်များကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

(သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Aloke Sen နှင့်အဖွဲ့သည် ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့
၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်
"International Day of Disabled Persons"
"ဂုဏ်သိက္ခာနှင့် တရားမျှတမှု လူတိုင်းအတွက် ဒို့ရှေး၍"
"Dignity and Justic for all of us"
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန



**လာရောက်တွေ့ဆုံ**

**စွမ်းအင် ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Aloke Sen နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

○ ကျောဖုံးမှ

ရောက်ရှိစေရန် စီမံဆောင်ရွက်သွားရမည်"ဟု နိုင်ငံတော် အကြီးအကဲကိုယ်တိုင် လမ်းညွှန်မိန့်ကြားခဲ့သည်ကို မှတ်သားဖူးသည်။ ဤအကျိုးတူ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကို ဆောင်ရွက်စေခြင်းဖြင့် ခေတ်မီစက်မှုလယ်ယာနည်းစနစ်၊ အထွက်တိုး မျိုးစပါးနှင့် နည်းပညာတို့ကို အသုံးပြု၍ သီးနှံများ ပိုမိုတိုးတက်ထွက်ရှိလာမည်ဖြစ်သည်။ ၎င်းအပြင် တစ်သီးစားမှ နှစ်သီးစား၊ နှစ်သီးစားမှ သုံးသီးစားအထိ စိုက်ပျိုးသွားနိုင်ရေး အကျိုးတူ ပူးပေါင်း ဆောင်ရွက်သွားကြမည်ဖြစ်ရာ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မုန်တိုင်းဒဏ်ခံ တောင်သူများ ဝင်ငွေတိုး၍ လူနေမှုဘဝ အဆင့်အတန်း ပိုမိုတိုးတက် မြင့်မားလာတော့မည်ဖြစ်ပေသည်။

ဤအကျိုးတူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လေဘေးဒဏ်ခံခဲ့ရသော တောင်သူများ၊ စိုက်ပျိုးစရိတ် အရင်းအနှီး အခက်အခဲရှိသူများအနက်မှ ကွမ်းခြံကုန်းမြို့နယ် တောကျောင်းကျေးရွာအုပ်စုအတွင်းရှိ တောင်သူဦးကျော်မြသန်း၏ လယ် ၂၇ဒသမ၃၄ဧက၊ မန်းလှပွား၏လယ် ၈ ဒသမ ၂၁ဧက၊ ဦးသန်းအေး၏ လယ် ၉ ဒသမ ၁၀ ဧက စုစုပေါင်း ၄၄ဒသမ၆၅ ဧကကို အေးရှားဝေါလ်ကုမ္ပဏီ၏ လက်အောက်ခံ Green Luck Trading Co.,Ltd. နှင့် အကျိုးတူ စာချုပ်ချုပ်ဆိုခဲ့ကြပြီး စတင် စမ်းသပ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ဤအကျိုးတူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပထမဦးစွာလယ်သမားများမှ အောက်ပါအတိုင်း အဆိုပြုလျှောက်လွှာတင်ရသည်။ အဆိုပြုလျှောက်လွှာတွင် ကျွန်တော်၊ ကျွန်မတို့သည်-

(က) မည်သည့်ကျေးရွာ၊ ရပ်ကွက်၊ မည်သည့်ကွင်း၊ဦးပိုင်တွင်ဧကမည်မျှ စိုက်ပျိုးခွင့် ရရှိခဲ့ပါသည်။

(ခ) လယ်လုပ်ကိရိယာ မပြည့်စုံသည့်အတွက် သွင်းအားစုများဖြစ်သော မျိုးစပါး၊ ဓာတ်မြေဩဇာ၊လုပ်အားစိုက်ထုတ်နိုင်ခြင်းမရှိပါ။

(ဂ) သီးနှံအထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် သွင်းအားစုများ၊ စိုက်ပျိုးကုန်ကျစရိတ်များကို Green Luck Trading Co.,Ltd.မှ စိုက်ထုတ် ကျခံ ဆောင်ရွက်စေပြီး စပါးပေါ်ချိန်တွင် ကာလပေါက်ဈေးဖြင့် တန်ဖိုးသင့်နှုတ်ပယ်၍ ပိုလျှံသည့် စပါးများကို တောင်သူများ အကျိုးအမြတ် ရရှိမည်ဖြစ်သောကြောင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုကြောင်းလျှောက်ထားပါသည်။

(ဃ) လျှောက်ထားသူ၏ အမည်၊ လက်မှတ်၊ အဖအမည်၊ မှတ်ပုံတင်၊ နေရပ်လိပ်စာ အပြည့်အစုံ ပါဝင်ရပါမည်။

ထို့နောက် အကျိုးတူဆောင်ရွက်မည့် ကုမ္ပဏီနှင့် လယ်ပိုင်ရှင်တို့သည် အောက်ဖော်ပြပါ သဘောတူစာချုပ်ကို အသိသက်သေများရှေ့တွင် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးကြရသည်-

(က) အကျိုးတူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် ( )ခုနှစ် ( ) စပါးရာသီအတွက်ဖြစ်သည်။

(ခ) ကုမ္ပဏီသည် အကျိုးတူလယ်ယာစိုက်ပျိုးရေးလုပ်ငန်းအောင်မြင်ရေးအတွက် ကြီးကြပ်ဝန်ထမ်းများအပြင် စက်ကိရိယာ၊ လိုအပ်သော သွင်းအားစုနှင့် နည်းပညာတို့ကို အချိန်နှင့် တစ်ပြေးညီ အစွမ်းကုန်ဖြည့်ဆည်း ဆောင်ရွက်ရန်။

(ဂ) တောင်သူသည် မိမိလယ်ယာလုပ်ငန်းကို မိမိကိုယ်တိုင် ပါဝင်ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်၍ ကုမ္ပဏီမှ ပံ့ပိုးသောစက်ပစ္စည်းနှင့် နည်းပညာတို့ကို ထိထိရောက်ရောက် ထိန်းသိမ်းလိုက်နာဆောင်ရွက်ရန်။

(ဃ) တောင်သူသည် မိမိလယ်ယာလုပ်ငန်းကို မိမိကိုယ်တိုင်၊ မိသားစုအားဖြင့် လုပ်အားပါဝင်လုပ်ကိုင်ပါကလုပ်အားခများ စံနှုန်းအတိုင်း အပြည့်အဝ ခံစားခွင့်ရှိသည်။

(င) စပါးပေါ်ချိန်တွင် တောင်သူသည် ကုမ္ပဏီမှ ကုန်ကျထားသော ကုန်ကျစရိတ် တန်ဖိုးငွေများကို ကာလပေါက်ဈေးအရ တန်ဖိုးဖြတ်ရောင်းချခွင့်ရှိသည်။

(စ) ကျန်စပါးကိုလည်း မိမိဆန္ဒအရ ကုန်ကြိုစနစ်ဖြင့်ကုမ္ပဏီသို့ ကြိုအပ်ပြီး မိမိရောင်းချလိုချိန် ကာလပေါက်ဈေးအရ တန်ဖိုးဖြတ်ရောင်းချခွင့်ရှိသည်။

(ဆ) ကုမ္ပဏီနှင့် တောင်သူတို့သည် နှစ်ဦးနှစ်ဖက်ပူးပေါင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေရာတွင် မသမာမှုကင်းစင်၍ ရိုးသား ကြိုးစားသောစိတ်ဓာတ်ဖြင့်အောင်မြင်အောင် ဆောင်ရွက်ကြရမည်။

အဆိုပါ အကျိုးတူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း စမ်းသပ်စိုက်ပျိုးနိုင်ရန်အတွက် အကျိုးဆောင် ကုမ္ပဏီ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်ပိုင်ရှင်တို့ ပူးပေါင်း ညှိနှိုင်း၍ စပါး ခြောက်မျိုးဖြစ်သော ဆင်းနွယ်ရင်၊ စေတနာ၊ မနောသုခ၊ ပြည်လုံးမွှေး၊ IR 747 နှင့် ဘေးကြားမျိုးစပါးများကိုစံကွက်များခွဲ၍ ယှဉ်ပြိုင်စမ်းသပ်ကွက်များအဖြစ် ၁၇-၇-၂၀၀၈ ရက်နေ့မှစတင်၍ ပျိုးထောင်စိုက်ပျိုးခဲ့ကြသည်။

စပါးပေါ်ချိန်တွင် အကျိုးဆောင်ကုမ္ပဏီမှ စိုက်ထုတ်သုံးစွဲခဲ့သော ကုန်ကျစရိတ်များကို ကာလပေါက်ဈေးဖြင့်တွက်ချက်ပြီး စပါးဖြင့်ပြန်ဆပ်ကာ ပိုလျှံသော စပါးကို လယ်ပိုင်ရှင်က ရရှိမည်ဖြစ်သည်။ လယ်ပိုင်ရှင်မှ မိမိအတွက်ရရှိသော စပါးကို မိမိရောင်းချလိုသော အချိန်တွင် ကာလပေါက်ဈေးဖြင့် အကျိုးဆောင်ကုမ္ပဏီသို့ ပြန်လည်ရောင်းချပေးရန်ဖြစ်သည်။ လယ်ပိုင်ရှင်များနှင့် အကျိုးဆောင် ကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရာတွင် ကုမ္ပဏီက လိုအပ်သည့် မျိုးစပါး၊ ဓာတ်မြေဩဇာ အစရှိသည့် သွင်းအားစုများ၊ ခေတ်မီစိုက်ပျိုးရေးစက်ကိရိယာများ၊ သီးနှံအထွက်တိုးနည်းပညာများ၊ ခေတ်မီထွန်ယက်ရိတ်သိမ်း စက်များဖြင့် စက်မှုလယ်ယာစနစ်ကို အသုံးပြုသည့်အတွက် ယခင်မိရိုးဖလာ ကြဲပက်စိုက်ပျိုးသည့်စနစ်ထက် အထွက်နှုန်း ပိုများပြီး အလေအလွင့်လည်း နည်းပါးကြောင်း သိရသည်။ ယခင်ကြဲပက်စိုက်ပျိုးစဉ်က တစ်ဧကလျှင် အများဆုံးအထွက်နှုန်းမှာ တင်း ၄၀ မှ ၅၀ ခန့်အထိသာ ထွက်ရှိပြီး ယခုလို အကျိုးတူစိုက်ပျိုးရာတွင် တစ်ဧကလျှင် ပျမ်းမျှ ၉၅ တင်းခန့် ထွက်ရှိကာ အများဆုံးစံကွက်မှာ ၁၀၀ ဒသမ ၅၂ တင်းထွက်ရှိကြောင်း သိရသည်။

ယခု စမ်းသပ်စိုက်ပျိုးစဉ်ကာလဖြစ်၍ အထွက်နှုန်း မမှန်သေးကြောင်း၊ နောင်ဆက်လက်စိုက်ပျိုးရာတွင် တစ်ဧကလျှင် တင်း ၁၂၀ ကျော်ခန့်အထိ ထွက်ရှိနိုင်မှာဖြစ်ကြောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် Green Luck Trading Co., Ltd. တို့မှ တာဝန်ရှိသူတို့၏ ပြောပြချက်အရ သိရှိရသည်။ အကျိုးတူ ပူးပေါင်း ဆောင်ရွက်ခြင်းကြောင့် တောင်သူများအနေဖြင့် ယခင် မိရိုးဖလာစိုက်ပျိုးစဉ်ကရရှိသည့် ဝင်ငွေထက်စပါးတစ်ဧကပေါ်တွင် ငွေကျပ် ၅၈၀၀၀ ကျော်ခန့် ဝင်ငွေအကျိုးအမြတ်ပိုမိုရရှိမည်ဖြစ်သည်။ အခြားတစ်ဖက်မှာလည်း မိမိပိုင်လယ်ပေါ်တွင် မိမိကိုယ်တိုင် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခရရှိမည်ဖြစ်ရာ မိသားစုလုပ်အားခဝင်ငွေလည်း ပိုမိုရရှိနိုင်မည်ဖြစ်သည်။

အကျိုးတူ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ခြင်းဖြင့် ဒေသခံ လယ်သမားများ ဝင်ငွေအကျိုးအမြတ် ပိုမိုရရှိလာသည့်အတွက် ကျယ်ပြန့်စွာ တိုးချဲ့စိုက်ပျိုးသွားနိုင်ရေး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဦးစီးပြီး ကွမ်းခြံကုန်းမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စုများမှ အကျိုးတူစိုက်ပျိုးလိုသည့် လယ်ဧကများကို နွေစပါး ဆက်လက်စိုက်ပျိုးပေးသွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ အကျိုးတူ လယ်ယာစိုက်ပျိုး လုပ်ကိုင်ခြင်းကြောင့် တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်ကို မိမိတို့ ကိုယ်တိုင် ရင်းနှီးရန်မလိုသည့်အပြင် ခေတ်မီစက်မှုလယ်ယာစနစ်၊ အထွက်တိုးမျိုးစပါး၊ နည်းပညာတို့ကိုလည်း လွှဲပြောင်းရရှိမည်ဖြစ်သည်။ ထို့အပြင် ပိုမိုတိုးတက် ရရှိလာသော ဝင်ငွေဖြင့် မိမိတို့ ကိုယ်ပိုင်ခေတ်မီစိုက်ပျိုးရေးစက်ကိရိယာ၊ ထွန်ယက်ရိတ်သိမ်းစက်များ၊ အထွက်တိုးနည်းပညာတို့ကို အသုံးပြု၍ ဒေသခံတောင်သူများ မိမိလယ်ယာကို မိမိတို့ကိုယ်တိုင် စိုက်ပျိုးဆောင်ရွက်သွားနိုင်သည်အထိ ရည်ရွယ်ချက်ထားပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရှိရ၍ ဒေသခံလယ်သမားများအတွက် အားတက်ဖွယ်ရာ သတင်းကောင်းပင်ဖြစ်ပေသည်။

ကွမ်းခြံကုန်းမြို့နယ် တောကျောင်းကျေးရွာအုပ်စုရှိ အကျိုးတူ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းမှ လယ်ဧက ၄၄ဒသမ၆၅ဧက၏ မျိုးစပါးစံကွက် ရိတ်သိမ်းခြင်း အခမ်းအနားကို တောင်သူ ဦးကျော်မြသန်း၏ လယ်ကွက်၌ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အေးရှားဝေါလ်ကုမ္ပဏီနှင့် Green Luck Trading Co., Ltd. မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ စုံညီစွာတက်ရောက်ကြပြီး မိုးစပါးစံကွက်ကို တပျော်တပါး ရိတ်သိမ်းပွဲ ဆင်နွှဲနေကြသည်မှာ ဝမ်းသာကြည်နူးဖွယ်ရာ အတိပင် ဖြစ်ပေသည်။ နိုင်ငံတော်၏ ကြီးမားတဲ့ စေတနာ အမြော်အမြင်၊ ဒေသခံဝန်ကြီး၏ တက်တက်ကြွကြွ ပံ့ပိုးစောင့်ရှောက်မှုစေတနာရှင်ကုမ္ပဏီ၏အထောက်အပံ့ဒေသခံတောင်သူတွေ၏ ပေါင်းစည်းမှုတို့ဖြင့် ကွမ်းခြံကုန်း ပြည်သူနှင့် တောင်သူတွေအတွက် နေရောင်အောက်မှာ ရွှေပဒေသာပေါက်သည့်သဖွယ် မြင်ယောင်နေမိပါတော့သည်။ ။



**ခေတ်မီစက်ကိရိယာများ ဖြင့် အကျိုးတူ လယ်ယာမြေ၌ မိုးစပါးများ ရိတ်သိမ်းစဉ်။**

(စွမ်းအင်)

# ပခုက္ကူမြို့ အ-ထ-က (၃) ငွေရတုသဘင်နှင့် အငြိမ်းစား ဆရာ/ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂**

ပခုက္ကူမြို့ အ-ထ-က(၃)၏ (၂၅)နှစ်ပြည့် ငွေရတုသဘင်နှင့် ကျောင်းသား/ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် သက်ပြည့် အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်(အင်္ဂါနေ့)နံနက် ၉နာရီတွင် အ-ထ-က(၃) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ပခုက္ကူမြို့ ကိုကျော့ရှင်း ဖုန်း-၀၉-၂၃၀၁၂၀၄၊ ကိုကျော်နိုင် ဖုန်း-၀၉-၂၃၀၀၄၇၆၊ ကိုစောဝင်းနောင် ဖုန်း-၀၉-၂၃၀၁၄၁၇၊ ကိုမြတ်မင်းဆွေ ဖုန်း-၀၉-၂၃၀၀၅၃၁ တို့နှင့် ရန်ကုန်မြို့ ကိုခိုင်ဝင်းကြည် ဖုန်း-၀၉-၅၀၅၂၁၀၆၊ ကိုစိုးလွင်မြင့် ဖုန်း-၀၁-၆၄၀၀၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# အေးချမ်းခေတ်မီ မြန်မာပြည် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂**

၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "အေးချမ်းခေတ်မီ မြန်မာပြည်"ဟူသောခေါင်းစဉ်ဖြင့်ကျင်းပခဲ့ရာ စိစစ်အကဲဖြတ်ရေးအဖွဲ့က ဆုများရွေးချယ် သတ်မှတ်ခဲ့ပြီး ဖြစ်သည်။ အဆိုပါပြိုင်ပွဲ၏ ဂုဏ်ပြု ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်း လမ်းရှိ စင်ထရယ် ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ဆုရရှိသူများသည် ဆုများလက်ခံရယူရေးနှင့်ပတ်သက်၍ ပြိုင်ပွဲကျင်းပရေးကော်မတီ ဖုန်း-၃၇၁၃၄၂ သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



3-12)09.pmd 1 12/3/2008, 4:43 AM

# မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်မှု ပြယုဂ် တိုင်းရင်းဆေးသမားတော်များ ညီလာခံမှ ဖော်ထုတ်

သတင်းဆောင်းပါး - ဝင်းနိုင် (ကြေးမုံ)
ဓာတ်ပုံမှတ်တမ်း - ငွေအောင်(ကြေးမုံ)

**မြန်မာ့တိုင်းရင်းဆေး အဆင့်အတန်းမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ဂုဏ်သိက္ခာမြင့်မားရေးဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသော နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ဒီဇင်ဘာ ၂ရက်က နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသည်။**

ယနေ့နိုင်ငံတကာတွင် ဓာတုဗေဒ ဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးများနှင့် ကုန်ကြမ်းရရှိမှု အခက်အခဲများကြောင့် ရိုးရာ သဘာဝတိုင်းရင်းဆေးဝါးများကို ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်သုံးစွဲလာချိန်တွင် မြန်မာ့တိုင်းရင်းဆေးပညာများ ပြန်လည်ဦးမော့လာရေးနှင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အပိုင်းက စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်။



**"သန့်ရှင်း လတ်ဆတ်တဲ့၊ ရာသီအလိုက် ခူးဆွတ်သင့်တဲ့ ဆေးဝါးတွေကို စနစ်တကျ ထုတ်ယူသုံးစွဲ"**

*(ဦးသန်းညွန့်- မြန်မာနိုင်ငံ တိုင်းရင်းဆေး ကောင်စီဝင်)*

ကြေးမုံသတင်းအဖွဲ့သည် နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပရာ နေပြည်တော်သို့ သွားရောက်၍ တိုင်းရင်းဆေးပညာ တိုးတက်မှုကို လေ့လာသတင်းရယူခဲ့ရာ ရှေးဦးစွာ မြန်မာတိုင်းရင်းဆေးဆရာအသင်း (ဗဟို)မှ ဘဏ္ဍာရေးမှူး ဦးမောင်မောင်ဦး (ဂရိတ်ဝေါ) က "မြန်မာ့ တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပခဲ့တာ ကိုးကြိမ်တိုင်ခဲ့ပါပြီ။ ကိုးနှစ်တာကာလအတွင်းမှာကုသမှုအပိုင်း၊ ထုတ်လုပ်မှုအပိုင်း၊ စည်းလုံးညီညွတ်မှုအပိုင်းတွေမှာ တစ်ကြိမ်ထက် တစ်ကြိမ် အစစအရာရာ တိုးတက်ပြောင်းလဲလာတာတွေ့ရတယ်။ ၂၀၀၈ခုနှစ်မှာ

ထူးခြားတာက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က တိုင်းရင်းဆေးနဲ့ပတ်သက်တဲ့ ကွန်ဂရက်ကို တရုတ်နိုင်ငံ ပေကျင်းမြို့မှာ ကျင်းပခဲ့ပါတယ်။ ကမ္ဘာနဲ့အဝန်း ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေ၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေ အားလုံးမှာ တိုင်းရင်းဆေးကို အမှန်တကယ်လိုအပ်ပြီးထိထိရောက်ရောက် အသုံးပြုဖို့အတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းညှိနှိုင်းတဲ့ ဒီကွန်ဂရက်မှာ မြန်မာ့တိုင်းရင်းဆေးဟာ ရှေ့တန်းက ပါဝင်နေပါတယ်။ တိုင်းရင်းဆေးနဲ့ပတ်သက်တဲ့ သမိုင်းကြောင်း၊ နိုင်ငံတော်ရဲ့ ဂရုတစိုက် စောင့်ရှောက်ပြီး တိုးတက်ဖွံ့ဖြိုးအောင် မူဝါဒချမှတ်ပေးမှုကြောင့် ယခုလို နိုင်ငံတကာမှာ ရှေ့တန်းရောက်လာရခြင်းဖြစ်ပါတယ်။ ဒီညီလာခံမှာ မြန်မာနိုင်ငံမှ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကမ္ဘာ့နိုင်ငံ အသီးသီး၏ တိုင်းရင်းဆေးနဲ့ပတ်သက်တဲ့ ရှေ့လုပ်ငန်းစဉ်များကို ဖြေရှင်းဆောင်ရွက်ပေးခြင်းက မြန်မာ့တိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်မှုရဲ့ ပြယုဂ်တစ်ခုပါ"ဟု မြန်မာတိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်မှုကိုရှင်းပြခဲ့သည်။



**"ကိုးနှစ်တာကာလ အတွင်းမှာ ကုသမှု အပိုင်း၊ ထုတ်လုပ်မှု အပိုင်း၊ စည်းလုံး ညီညွတ်မှုအပိုင်းတွေ မှာတိုးတက်ပြောင်းလဲ လာတာတွေ့ရ"**

*[ဦးမောင်မောင်ဦး- ဂရိတ်ဝေါ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေး ဆရာအသင်း (ဗဟို) ဘဏ္ဍာရေးမှူး]*

ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးပညာကို ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် သုတေသနပြု ဆောင်ရွက်တွေ့ရှိချက်များကို မကွေးတက္ကသိုလ်တွဲဖက်ပါမောက္ခ / ဓာတုဗေဒဌာန (အငြိမ်းစား) မကွေးတိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ ဦးထွန်းကြိုင်က "မိရိုးဖလာအနေနဲ့ ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်း တတ်မြောက်လာပြီး



**"လေဘေးသင့်ဒေသများသို့ အုပ်စုများခွဲကာ ကွင်းဆင်းဆေးကုသပေးခဲ့မှု၊ ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့"**

*[ဦးသိန်းဝင်း - ဧရာဝတီတိုင်း၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ တိုင်းဦးစီးမှူး(အဝေရာ)]*

အတွေ့အကြုံအခြေပြုတဲ့ တိုင်းရင်းဆေးကနေသက်သေအခြေခံ အထောက်အထားပြုဆေးဝါးဖြစ်အောင် တိုင်းရင်းဆေးပင်တွေမှာပါဝင်တဲ့ အစွမ်းထက်ဓာတုအော်ဂဲနစ် ကွန်ပေါင်းများကို ခေတ်မီသိပ္ပံနည်းစနစ်တွေနဲ့ ခွဲထုတ်ပြီး ဘယ်ဒြပ်ပေါင်းဟာဖြင့် ဆေးအာနိသင် ထိရောက်မှုရှိတယ် စသည်တို့ကို သုတေသနပြုဆောင်ရွက်နေပါတယ်"ဟု ရှင်းပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးမှူး ဦးသိန်းဝင်း(အဝေရာ)က "ပြီးခဲ့သောမေလက တိုက်ခတ်ခဲ့သောမုန်တိုင်းကြောင့် ဧရာဝတီတိုင်း လေဘေးသင့် ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့် ထိရောက်စွာ ကျန်းမာရေး ဆောင်ရွက်ပေးခဲ့မှုနှင့် စပ်လျဉ်း၍ မြန်မာတိုင်းရင်းဆေးဆရာအသင်းအနေနဲ့ လေဘေးသင့်ကျေးရွာတွေအရောက် စက်လှေ၊ ကား၊ သင်္ဘောတွေနဲ့ တိုင်းရင်းဆေးကောင်စီဝင် ဆရာကြီးများအသင်း(ဗဟို)မှအသင်းဝင် ဆရာကြီးများ၊ ဒေသခံတိုင်းရင်းဆေးမှူးများ စုပေါင်း၍လေဘေးသင့်ဒေသများသို့ အုပ်စုများခွဲကာ ကွင်းဆင်း ဆေးကုသခြင်း၊ ပညာပေးဟောပြောခြင်း၊ မြန်မာနိုင်ငံမှ ထုတ်လုပ်သော တိုင်းရင်းဆေးမျိုးစုံ၊



**"ကျေးလက် တောရွာများ အရောက် ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိ"**

*(ဦးလှငွေး-မှန်ချိုဆေးတိုက်)*

ဌာနမှ ဆေးဝါးများဖြင့် လူနာပေါင်း တစ်သိန်းကျော်ကို ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ကြောင်း"ပြောပြသွားသည်။

ထို့နောက် ဦးထွန်းရွှေ(ထွန်းရွှေဝါ တိုင်းရင်းဆေး)က "ဒီနေ့ကျင်းပတဲ့ တိုင်းရင်းဆေးသမားတော်များ ညီလာခံမှာ တိုင်းရင်းဆေးလောကသားတွေ စုစည်းညီညွတ်စွာနဲ့ တွေ့ဆုံဖလှယ်ခွင့်ရတာကို အလွန်ပဲ ဝမ်းသာမိပါတယ်။ ကျွန်တော်တို့ ထုတ်လုပ်သူများ အပိုင်းကလည်း အစွမ်းထက်အာနိသင်ရှိတဲ့ ဆေးဝါးတွေကို ခေတ်မီနည်းပညာတွေနဲ့ ပေါင်းစပ်ပြီး ပြည်သူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်တဲ့အပြင် နိုင်ငံတကာထိ ထိုးဖောက်နိုင်အောင် ကြိုးစားသင့်ပါတယ်။ ရှေးဘုရင်များလက်ထက်

**"ဆေး ကျမ်း အဖုံဖုံကို ရှာဖွေ ဖော် ထုတ် ပြီး တိုင်း ရင်း ဆေး ပညာ ဖွံ့ဖြိုး တိုးတက်အောင် စုစည်းဆောင်ရွက် နိုင် မယ် လို့ ယုံကြည်မိ"**

*(ဦးထွန်းရွှေ - ထွန်းရွှေဝါတိုင်းရင်းဆေး)*



ကတည်းက ထည်ဝါခဲ့ညားနန်းသုံးတော်ဝင်ဖြစ်ခဲ့တဲ့ ဆေးကျမ်းအဖုံဖုံကို ရှာဖွေဖော်ထုတ်ပြီး တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်အောင် စုစည်းဆောင်ရွက်နိုင်မယ်လို့ ယုံကြည်မိပါတယ်"ဟုပြောပြခဲ့သည်။

ဦးလှငွေး (မှန်ချိုဆေးတိုက်)ကလည်း "ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများအသင်းတို့အနေဖြင့် ကျေးလက်တောရွာများ အရောက်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပုံများ၊ တိုင်းရင်းဆေးဆရာများ၊ ထုတ်လုပ်သူများ စုပေါင်း၍အသင်း(ဗဟို)အဆောက်အအုံဆောက်လုပ်ရန် ကြိုးပမ်းလျက်ရှိပါတယ်"ဟု အကျယ်တဝင့်ပြောပြသွားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဝင် တိုင်းရင်းဆေးဆရာအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးသန်းညွန့်နှင့် တွေ့ဆုံခဲ့ရာ"တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ မြှင့်တင်ရေးမှာ သင်ကြားမှုပိုင်း ထိရောက်အောင် သင်ထောက်ကူပစ္စည်းတွေ လိုအပ်သလို ဆေးဝါးထုတ်လုပ်တဲ့ နေရာမှာလည်း သန့်ရှင်းလတ်ဆတ်တဲ့ ရာသီအလိုက် ခူးဆွတ်သင့်တဲ့ ဆေးဝါးတွေကို စနစ်တကျ ထုတ်ယူသုံးစွဲမှသာ အကျိုးအာနိသင်ထက်မြက်တဲ့ ဆေးဝါးတွေ ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်" ဟု ဗဟုသုတ တိုးပွားဖွယ် ကြားသိခဲ့ရပါသည်။

ထိုမှတစ်ဖန် မန္တလေး တိုင်းရင်းဆေးတက္ကသိုလ်မှ ကျောင်းဆင်းပြီး လက်တွေ့နယ်ပယ်တွင် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်မှ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်နွယ်နီသိမ့်က "နိုင်ငံတော်ရဲ့ အားပေးမြှင့်တင်မှုကြောင့် တိုင်းရင်းဆေးတက္ကသိုလ်ကြီး ပေါ်ပေါက်လာပြီး တိုင်းရင်းဆေးပညာကို လေ့လာသင်ယူခွင့်ရခဲ့ကြောင်း၊ ပြည်နယ်နှင့် တိုင်းများတွင်လည်း တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်လာနိုင်ခဲ့ကြောင်း၊ ကျေးလက်ဒေသနေ အိမ်ရှင်မများ တိုင်းရင်းဆေးအခြေခံ



**"ဒီထက် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက် လာအောင် ကြိုးစားချင်"**

*(ဒေါ်နွယ်နီသိမ့် -လက်ထောက်တိုင်းရင်းဆေးမှူး၊ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်း)*

ဆေးဝါးတွေ မိမိတို့ မီးဖိုချောင်တွင် ရှိနေတယ်ဆိုတာ အသိပေးချင်ကြောင်း၊ ခေတ်မီ တိုင်းရင်းဆေးပညာများကိုလည်း ပြည်ပနိုင်ငံများအထိသွားရောက် လေ့လာပြီး ဒီထက်တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးစားလိုပါကြောင်း" သူမ၏ ရင်တွင်းဆန္ဒကို ပြောကြားသွားသည်။

**(ဆက်လက်ဖော်ပြပါမည်)**

## နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ စတင်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂

**နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးကောင်စီဝင်များဖြစ်ကြသော တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ကျော်နှင့် ဦးသန်းညွန့်၊ ရန်ကုန်တိုင်းမှ ညီလာခံကိုယ်စားလှယ် ဒေါက်တာခင်မောင်ထွန်းနှင့် ရှမ်းပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးခွန်ကျော်ဆန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(ဆေးဝါး)ဦးသိန်းဟန်ဦးက ဆောင်ရွက်သည်။**

ရှေးဦးစွာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုးက အမှာစကားပြောကြားသည်။

ထို့နောက် "နိုင်ငံတော်၏ အမျိုးသား ကျန်းမာရေးမူဝါဒနှင့် အညီ ပဏာမ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပိုမိုပါဝင် ဆောင်ရွက်ပေးရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန်" အဆိုပြုချက်ကို ပဲခူးတိုင်း (အရှေ့ပိုင်း)ညောင်လေးပင်မြို့နယ်မှ ညီလာခံ ကိုယ်စားလှယ် ဦးအေးရွှေက ဖတ်ကြားတင်သွင်းရာသစ်တောရေးရာဝန်ကြီးဌာနမှ ညီလာခံကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်ကြည်က ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ "တိုင်းရင်းဆေးဆရာများ၏ ကျင့်ဝတ်သိက္ခာ မြှင့်တင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်" အဆိုပြုချက်ကို မွန်ပြည်နယ် မော်လမြိုင်မြို့နယ်မှ ညီလာခံကိုယ်စားလှယ် ဦးမျိုးအောင်က ဖတ်ကြားတင်သွင်းရာ စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်မှ ညီလာခံ ကိုယ်စားလှယ် ဒေါ်ဖြူမီလှိုင်က ထောက်ခံဆွေးနွေးပြီး ညီလာခံကို ခေတ္တရပ်နားသည်။

ညီလာခံကို မွန်းလွဲပိုင်းတွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးမောင်ညဏ်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးကောင်စီဝင်များဖြစ်ကြသော ဦးငွေးမြင့်နှင့် ဦးညဏ်လွင်၊ ရန်ကုန်တိုင်းမှ ညီလာခံကိုယ်စားလှယ် ဦးကြည်နှင့် မန္တလေးတိုင်းမှ ညီလာခံကိုယ်စားလှယ် ဒေါက်တာဦးမိတ်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် တိုင်းရင်းသားဆေးပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (သုတေသန) ဒေါ်သီတာဆွေက ဆောင်ရွက်သည်။

ရှေးဦးစွာ "ခေတ်မီ၍ အဆင့်အတန်းမြင့်သော မြန်မာ့တိုင်းရင်းဆေးဝါးများ နည်းစနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးကြိုးပမ်းဆောင်ရွက်ရန်" အဆိုပြုချက်ကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ်မှ ညီလာခံကိုယ်စားလှယ် ဦးခင်မောင်ဝင်းက ဖတ်ကြားတင်သွင်းရာ မကွေးတိုင်း မကွေးမြို့နယ်မှ ညီလာခံကိုယ်စားလှယ် ဒေါ်တင်တင်အောင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် "အတွေ့အကြုံအခြေပြု တိုင်းရင်းဆေးပညာမှသည် သက်သေအထောက်အထားအခြေပြု တိုင်းရင်းဆေးပညာဆီသို့ ဦးတည်ချက်ဖြင့် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်" အဆိုပြုချက်ကို ကရင်ပြည်နယ် မြဝတီမြို့နယ်မှ ဦးတင်စိုးက ဖတ်ကြားတင်သွင်းရာ စွမ်းအင်ဝန်ကြီးဌာနမှ ညီလာခံကိုယ်စားလှယ် ဦးတင်ထွဋ်က ထောက်ခံဆွေးနွေးပြီး ပထမနေ့အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

နဝမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ဒီဇင်ဘာ ၃ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အတည်ပြုချိန်-၄း၃၀




# Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂

**မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ ၂၀၀၈-၂၀၀၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ( Myanmar Golf Tour 2008-2009) ၏ Air Bagan Open Golf Championships ပြိုင်ပွဲစတုတ္ထနေ့ ပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို နိုဝင်ဘာ၃၀ရက် ညနေပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ Pyin Oo Lwin Golf Club ၌ ကျင်းပရာ Myanmar P.G.A နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ဥက္ကဋ္ဌ ဦးတေဇ၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးမင်းသိမ်းနှင့် ဦးဇော်မင်း၊ အမှုဆောင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲအပြီးတွင်ဆုချီးမြှင့်ပွဲအခမ်းအနားမစတင်မီ Myanmar P.G.A နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြန်မာဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် နေ့အလိုက်အကောင်းဆုံးရိုက်ချက်ဆု(Daily Best) ရရှိကြသူများအားလည်းကောင်း၊ ပြင်ဦးလွင်ဂေါက်ကလပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇာနည်ဝင်းက Professional Golfers အဆင့်ပြိုင်ပွဲတွင် နေ့အလိုက်အကောင်းဆုံးရိုက်ချက်ဆု( Daily Best)ရရှိကြသူများအားလည်းကောင်း ဆုများကို အလှည့်ကျပေးအပ်ချီးမြှင့်ကြသည်။



**Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင်ဆုရရှိကြသော ဂေါက်သီးအားကစားသမားများအား နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ဥက္ကဋ္ဌ ဦးတေဇတို့နှင့်အတူ ဆုချီးမြှင့်ပွဲအပြီးတွင် တွေ့ရစဉ်။** (ဂေါက်သီးအဖွဲ့ချုပ်)

ဆက်လက်၍ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ဇေယျာအောင်က အမျိုးသားအပျော်တမ်းအဆင့် ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၃၀၀ ဖြင့် တတိယရရှိသော နေဗလဝင်းမြင့်၊ စုစုပေါင်းရိုက်ချက် ၂၉၉ ချက်ဖြင့် ဒုတိယ ရရှိသော ရန်မျိုးအေး၊ စုစုပေါင်းရိုက်ချက် ၂၉၄ ချက်ဖြင့် ပထမရရှိသောအောင်ဝင်း(သစ်တော) တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်နှင့် Myanmar P.G.A နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Professional Golfers အဆင့် ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၃ ချက်ဖြင့် တတိယရရှိသော ဇော်ဇော်လတ် (SRIXON)၊ စုစုပေါင်း ရိုက်ချက် ၂၉၁ချက်ဖြင့် ဒုတိယရရှိသော မင်းနိုင် (SRIXON)၊ စုစုပေါင်း ရိုက်ချက် ၂၉၀ဖြင့် ပထမရရှိသော ဇော်ဇင်ဝင်း (SRIXON) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် Myanmar P.G.A နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇက အမျိုးသား အပျော်တမ်းအဆင့်ပြိုင်ပွဲတွင် ပထမရရှိသော အောင်ဝင်း (သစ်တော)အား ဂုဏ်ပြုဆုများကို လည်းကောင်း၊ Professional Golfers အဆင့်ပြိုင်ပွဲတွင် ပထမရရှိသော ဇော်ဇင်ဝင်း (SRIXON) အား ဆုကြေးငွေကျပ် (ချက်လက်မှတ်)ကို လည်းကောင်း ပေးအပ် ချီးမြှင့်ပြီး ဒုတိယဥက္ကဋ္ဌ ဦးမင်းသိမ်းက ပြင်ဦးလွင်ဂေါက်ကလပ်အား ဂုဏ်ပြုအမှတ်တရလက်ဆောင်ကို ပေးအပ်ရာ ပြင်ဦးလွင်ဂေါက်ကလပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇာနည်ဝင်းက လက်ခံသည်။

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီး အကျော်အမော်များ ပေါ်ထွက်လာရေးအတွက် Main Sponsor အဖြစ် Air Bagan Ltd. နှင့်အတူ Co-Sponsors များဖြစ်ကြသော Hotel Yangon, Ruby Dragon (Jade and Gems) Co., Ltd., KBZ Bank Ltd, Alpine Purified Drinking Water, Dagon Brewery Co., Ltd, MY Associates Co., Ltd, Srixon, (ကျားခေါင်းဘိလပ်မြေ), KM Golf Center, ACCEL International Co., Ltd(Canon)နှင့် Lifeline (DHEA-Plus) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၁၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "မင်္ဂလာဖိုလ်ဘဏ် လျှင်မြန်ရကြောင်းတရားကောင်း (၅) မျိုး" တရားတော်(ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်း ဆရာတော်ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ) |
| ၇း၅၀ - ၁း၅၀ | Industrial Talk [ ဦးမြင့်အေး၊ ဦးကျော်ဆန်း၊ ဦးတင်အောင်ရွှေ (သုတေသီ)] |
| ၈း၁၅ - ၂း၁၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈း၄၀ - ၂း၄၀ | Activities In The City [စတုတ္ထအကြိမ်ပညာရေးဆိုင်ရာစာအုပ် အရောင်းပွဲတော် (အင်းဝစာအုပ်တိုက်) ] |
| ၉း၀၀ - ၃း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၀ - ၃း၁၀ | မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်း |
| ၉း၂၀ - ၃း၂၀ | Midweek Sports News |
| ၉း၃၅ - ၃း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀ - ၃း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၄၅ - ၃း၄၅ | နိဗ္ဗာန်သို့ရည်မှန်းကုသိုလ်ယူ မြတ်သောအလှူ |
| ၁၀း၀၅ - ၄း၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၀ - ၄း၁၀ | လှပချစ်စရာအိမ်တွင်းမှုပညာ |
| ၁၀း၃၅ - ၄း၃၅ | တေးဂီတအစီအစဉ် |
| ၁၀း၄၀ - ၄း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၀ - ၄း၅၀ | ဆီးချို သွေးချိုကာကွယ်ပါ (အကယ်ဒမီ ထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ ကောင်းခန့်၊ မျိုးစန္ဒီကျော်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး) [ ဒါရိုက်တာ တင်အောင်ရွှေ (သုတေသီ)] |
| ၁၁း၁၅ - ၅း၁၅ | တေးဂီတအစီအစဉ် |
| ၁၁း၂၀ - ၅း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၅ - ၅း၂၅ | အိမ်တွင်းစီးပွားမုန့်လုပ်နည်းပညာများ (ပေါက်စီပြုလုပ်နည်း) |
| ၁၁း၄၀ - ၅း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၄၅ - ၅း၄၅ | ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာဌာန အကြောင်းသိကောင်းစရာ (အပိုင်း -၁) (ဒေါက်တာခင်မျိုးလှ) |
| ၁၂း၀၀ - ၆း၀၀ | Myanmar Video Rhythm |
| ၁၂း၂၅ - ၆း၂၅ | သီးနှံစိုက်ပျိုးအထွက်တိုး "စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင်စိုက်ကြစို့" |
| ၁၂း၃၅ - ၆း၃၅ | Fashion Guide (Dream Wedding Fair 2008) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂**

'ဂျင်နရယ်လစ်နှင့် စပါယ်ရှယ်လစ် သို့မဟုတ် ယေဘုယျသမားနှင့် အထူးပြုသမား' ဆောင်းပါးနှင့်ပတ်သက်ပြီး ပညာရှင်များ၊ သတင်းစာဆရာများ၏ ထင်မြင်သုံးသပ်အကြံပြုချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၄၇) ထွက်ရှိလာသည်။

ယင်းအပြင် အာဆီယံ+၃ နိုင်ငံများ ပူးပေါင်းပြီး ငွေကြေးရန်ပုံငွေ ထူထောင်ရန် စီစဉ်နေ၊ မြန်မာ့ရိုးရာပစ္စည်းများ တစ်နေရာတည်းတွင် ဝယ်ယူနိုင်သော စူပါမားကက်ကြီး ညောင်ဦးတွင် ဖွင့်မည်၊ အရောင်းအဝယ် ငြိမ်သက်ခဲ့သော ပဲဈေးကွက်အတွင်း နိုဝင်ဘာနောက်ဆုံးပတ်က မတ်ပဲကျပ်သိန်းငါးထောင်ဖိုး အရောင်းအဝယ်ဖြစ်ခဲ့၊ မြန်မာနိုင်ငံတွင် ယာဉ်လမ်းအန္တရာယ်ကင်းရေးစီမံချက် ADB ၏ လမ်းအန္တရာယ် ကင်းရှင်းရေး အစီအစဉ်ဖြင့် ဆောင်ရွက်မည်၊ ပင်လယ်လိပ်များ ကျက်စားမှု ဂြိုဟ်တုမှ ဖမ်းယူလေ့လာနိုင်ရန် ဆောင်ရွက်နေ၊ စီးပွားရေးအကျပ်အတည်းကြားက အီလက်ထရွန်နစ်ဈေးကွက်အခြေအနေ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "စီးပွားရေးအကျပ်အတည်းနှင့် ပြည်သူ့အသံ"အကြောင်း၊ ခရစ္စတီးနားနှင့် တွေ့ဆုံစဉ် မေးဖြစ်ခဲ့တဲ့ မေးခွန်းလေးတွေနှင့် အခြားဖျော်ဖြေရေးသတင်းများ စသည့် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာသတင်းများ ပါရှိသည်။

# မြန်မာနိုင်ငံအရှေ့ပိုင်းတွင် ညအပူချိန်များ လျော့နည်းနိုင်

**ရန်ကုန် ဒီဇင်ဘာ ၂**

**ယနေ့နံနက် ၉နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နိုဝင်ဘာလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီ စင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်**များမှာ လွိုင်လင်မြို့တွင် (-၂)ဒီဂရီစင်တီဂရိတ်၊ နမ့်စန်တွင် (၀)ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင်(၄)ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**ဒီဇင်ဘာ ၃ရက် ညနေထိ ခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့် အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

| | |
|---|---|
| ၃၂ဒသမ ၀ဒီဂရီစင်တီဂရိတ်(၉၀ဒီဂရီဖာရင်ဟိုက်) | ၁-၁၂-၂၀၀၈ |

**အနိမ့်ဆုံးအပူချိန်**

| | |
|---|---|
| ၁၄ဒသမ ၂ဒီဂရီစင်တီဂရိတ်(၅၈ဒီဂရီဖာရင်ဟိုက်) | ၂-၁၂-၂၀၀၈ |
| ၉း၃၀နာရီအချိန် စိုထိုင်းဆ ၆၆ရာခိုင်နှုန်း | ၂-၁၂-၂၀၀၈ |
| နေပူသည့်နာရီပေါင်း ၉ဒသမ ၆နာရီခန့် | ၁-၁၂-၂၀၀၈ |

# မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် အမှတ်(၁)ဈေး၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၂**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်ရှိ အမှတ်(၁)ဈေး၌ ဒီဇင်ဘာ ၁ ရက် ညနေ ၅ နာရီခွဲခန့်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ည ၇နာရီ မိနစ် ၅၀ခန့်တွင် မီးထိန်းနိုင်ခဲ့ပြီး ည ၈နာရီ ၁၅မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ဈေးဆိုင် ၁၁၂၄ ခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အရှေ့တောင်အာရှတွင်ဒေါ်လာ၆ဒသမ၆သန်းတန်ဖိုးရှိ ဆေးဝါးအတုများ သိမ်းဆည်းရမိ၊ ကျောင်းပညာတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်သူဦးရေ လျော့နည်းရေး နိုင်ငံတကာ ပညာရေးညီလာခံကျင်းပ၊ မွမ်ဘိုင်းမြို့ သုံးရက်ကြာ အကြမ်းဖက်တိုက်ခိုက်မှု နိဂုံးချုပ်၊ ဗီယက်နမ်တွင် ဥပဒေအရ ကလေးနှစ်ဦးသာ ယူခွင့်ရှိ၊ အိဒ်စ်ဝေဒနာရှင်တစ်ဦး ရိုးတွင်းခြင်ဆီ အစားထိုးကုသမှုခံယူပြီးနောက် ဝေဒနာပျောက်ကင်းသွား၊ စီးပွားပျက်ကပ် လွှမ်းချင်းပုံရိပ်လွှာ၊ "ဩစတြေးလျကိုယ်ဟန်ပြမယ်ကို သတ်ဖြတ်ခဲ့သည့် ဗြိတိသျှလူမျိုးထောင်ဒဏ်တစ်သက်ကျခံရ"မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ"ပြောရဦးမယ် သူတို့က ဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

အတည်ပြုချိန်-၄း၃၀

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အင်းတကော်စက်မှုနယ်မြေရှိ A.C.S.R ကြိုးထုတ်လုပ်မှုစက်ရုံ အိမ်သုံးလျှပ်စစ်မီတာ ထုတ်လုပ်မှုစက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေတို့သည် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လိုက်ပါ၍ ဒီဇင်ဘာ ၁ ရက် မွန်းတည့် ၁၂ နာရီတွင် ပဲခူးတိုင်း အင်းတကော်စက်မှုနယ်မြေရှိ A.C.S.R ကြိုးထုတ်လုပ်မှုစက်ရုံနှင့် အိမ်သုံးမီတာ ထုတ်လုပ်မှုစက်ရုံများသို့ သွားရောက်ပြီး ထုတ်လုပ်ပြီး A.C.S.R ကြိုး 95/15mm², 630mm² AAC, 120/20mm², 397.5 MCM ဝါယာကြိုး နမူနာပုံစံများနှင့် ထုတ်လုပ်ဆဲ အခြားကြိုးနမူနာပုံစံများကို ကြည့်ရှုစစ်ဆေးကြရာ စက်ရုံမှူးဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက အရည်အသွေးမြင့် A.C.S.R ကြိုးအမျိုးမျိုးထုတ်လုပ်နေမှု၊ ထုတ်လုပ်ဆဲ အခြားဓာတ်အားလိုင်းကြိုး အမျိုးမျိုးနမူနာများ၊ နိုင်ငံတကာစံချိန်စံညွှန်း အရည်အသွေးပြည့်မီစေရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းဝေးစေရေး အလေးထား ဆောင်ရွက်လျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။**

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် A.C.S.R ကြိုးအမျိုးမျိုး ထုတ်လုပ်မှုအဆင့်ဆင့်၊ အိမ်သုံးလျှပ်စစ်မီတာများ ထုတ်လုပ်သည့်စက်ရုံရှိ မီတာ Assembly Section, Testing Section, Packing Section တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် စက်ရုံရှင်းလင်းခန်းမ၌ စက်ရုံမန်နေဂျင်းဒါရိုက်တာ ဦးစိန်ဝမ်းက အင်းတကော် စက်မှုနယ်မြေရှိ စက်ရုံများမှ ကုန်ကြမ်းပစ္စည်း ရရှိသိုလှောင်ထားရှိမှု၊ လျှပ်စစ်သုံးပစ္စည်းများ ထုတ်လုပ်ပေးလျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက လျှပ်စစ်သုံးပစ္စည်းများ ထုတ်လုပ်မှုကို နိုင်ငံတကာ စံချိန်စံညွှန်း အရည်အသွေး ပြည့်မီစေရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဘက္ကရီးအိဒ်နေ့ အလုပ်ပိတ်ရက်ကြေညာ

ရန်ကုန် ဒီဇင်ဘာ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သည် ၁၃၇၀ပြည့်နှစ် နတ်တော်လဆန်း ၁၂ ရက် (၂၀၀၈ခုနှစ် ဒီဇင်ဘာ ၉ရက်) (အင်္ဂါနေ့)သည် အီဒွလ်အဿွာဟာ (ဘက္ကရီးအိဒ်)နေ့ ဖြစ်သည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ ၂၅အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက် ဖြစ်ကြောင်း ကြေညာလိုက်သည်။

(သတင်းစဉ်)

# ကွမ်းခြံကုန်းမှ ဖြစ်တည် အကျိုးတူစက်မှုလယ်ယာ ခေတ်ဆီ



ကွမ်းခြံကုန်း မြို့နယ် တောကျောင်းကျေးရွာအုပ်စုရှိ အောင်မြင်ဖြစ်ထွန်းနေသော အကျိုးတူ လယ်ယာမြေများ။

(စွမ်းအင်)

**သတင်းဆောင်းပါး- ကျော်ခိုင်သိန်း(စွမ်းအင်)**

**နံနက်ခင်း၏ တောက်ပသောနေရောင်အောက်တွင် ကွမ်းခြံကုန်း-ဒေးဒရဲ ကားလမ်းမကြီး၏ဘေး ဝဲ၊ ယာ တစ်လျှောက် ရွှေရောင်ဝင်းနေသော စပါးခင်းများကို တစ်မျှော်တစ်ခေါ် တွေ့လိုက်ရသည်။ ဝမ်းသာကြည်နူးနေသည့် တောင်သူဦးကြီးတို့၏ အပြုံးမျက်နှာများ၊ Green Luck Trading Co., Ltd.မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၏ ပီတိမျက်နှာများ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူအသီးသီးတို့၏ ဂုဏ်ယူဝမ်းမြောက်နေသည့် အပြုံးမျက်နှာများ၊ ထိုထိုသော ပုံရိပ်များနှင့်အတူ ရွှေဝါရောင်လယ်ကွင်းထဲတွင် အားကြီးမာန်တက် မိုးစပါးစုပေါင်းရိတ်သိမ်းနေကြသည်ကို မြင်တွေ့ရသည်မှာ အရောင်အသွေးစုံစွာ ခြယ်မှုန်းထားသည့် ရှုမငြီးဖွယ် မြင်ကွင်းတစ်ခုပင် ဖြစ်သည်။ ထိုမြင်ကွင်းသည်ကား ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် တောကျောင်းကျေးရွာအုပ်စုတွင် ဒေသခံ လယ်ပိုင်ရှင်များနှင့် Green Luck Trading Co., Ltd.တို့၏ အကျိုးတူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း မိုးစပါးရိတ်သိမ်းပွဲအခမ်းအနား ကျင်းပနေခြင်းဖြစ်သည်။**

၂၀၀၈ ခုနှစ် မေ ၂ ရက်နှင့် ၃ ရက်နေ့များတွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်း ခုနစ်မြို့နယ်နှင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် အပါအဝင် မြို့နယ်ပေါင်း ၄၀တို့ မုန်တိုင်းဒဏ် ခံခဲ့ရသည်။ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်သေကျေပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သကဲ့သို့ လူနေအိမ်ခြေအဆောက်အအုံများ၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများ၊ ကျွဲ၊ နွားများလည်း သေပျောက် ပျက်စီးခဲ့ရသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးစီးပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဖိဖိစီးစီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သလို မုန်တိုင်းဒဏ်ခံဒေသ/မြို့နယ်များတွင်လည်း အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးတစ်ဦးစီကို တာဝန်ပေးအပ်ကာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်း၍ အနီးကပ် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်စေခဲ့သည်။ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်အတွင်း နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တာဝန်ပေးအပ်ခဲ့သည်။



**နွေစပါးအတွက် ပြင်ဆင်**

**အကျိုးတူ လယ်ယာမြေ၌ နွေစပါးအတွက် ပြင်ဆင်နေစဉ်။**

(စွမ်းအင်)

ကွမ်းခြံကုန်းမြို့၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ရေလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ အများစုမှာ တောင်သူလယ်သမားများဖြစ်၍ လေဘေးဒဏ်ကြောင့် လယ်ယာလုပ်ငန်းသုံးပစ္စည်းများ၊ ကျွဲ၊နွားများ ထိခိုက်သေကျေပျက်စီးခဲ့ရသဖြင့် များစွာဆုံးရှုံးခဲ့ရသလို စိုက်ပျိုးစရိတ်လည်း အခက်အခဲရှိနိုင်မည် ဖြစ်သည်။ ဤအခြေအနေ အရပ်ရပ်ကို ဒေသတာဝန်ခံဝန်ကြီးက သိမြင်လာသည့်အတွက် လေဘေးဒဏ်ခံခဲ့ရသည့် တောင်သူများ ပုံမှန်ပြန်လည်စိုက်ပျိုးနိုင်ရုံသာမက ခေတ်မီစိုက်ပျိုးရေး နည်းပညာ သွင်းအားစုများအသုံးပြု၍ သီးနှံများပိုမိုအထွက်တိုးနိုင်ရေးနှင့် ၎င်းတို့၏ လူနေမှုဘဝပါ တိုးတက်မြင့်မားစေရန် ရည်ရွယ်ပြီး ဤအကျိုးတူ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို ဦးဆောင်ကြီးကြပ်ကာ စတင်အကောင်အထည်ဖော်ပေးခဲ့ခြင်းဖြစ်သည်။

"လေဘေးဒဏ်ခံပြည်သူများ၏ လူနေမှုဘဝကို မုန်တိုင်းမတိုက်ခတ်မီ အခြေအနေကထက် များစွာသာလွန်ကောင်းမွန်သည့် အခြေအနေမျိုးအဖြစ်သို့

**စာမျက်နှာ ၉ ကော်လံ ၁ သို့**